ပြည်ထောင်စုမြန်မာနိုင်ငံတော်

THE UNION OF MYANMAR

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ

THE STATE PEACE AND DEVELOPMENT COUNCIL

ထားဝယ်အထူးစီးပွားရေးဇုန်ဥပဒေ

THE DAWEI SPECIAL ECONOMIC ZONE LAW

၁၃၇၂ ခုနှစ်၊ ပြာသိုလ

JANUARY, 2011

ထားဝယ်အထူးစီးပွားရေးဇုန်ဥပဒေ

THE DAWEI SPECIAL ECONOMIC ZONE LAW

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန
ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနကိုယ်စား၊
ညွှန်ကြားရေးမှူး ဦးတင်ကိုဝင်းက ထုတ်ဝေသည်။

၂၀၁၁ ခုနှစ်
ဖေဖော်ဝါရီလ
အုပ်ရေ ၁၅၀၀

The Dawei Special Economic Zone Law

CONTENTS

No.	Particulars	Page
1.	Chapter I Title and Definition	1
2.	Chapter II Objectives	5
3.	Chapter III Dawei Special Economic Zone	6
4.	Chapter IV Formation of the Management Committee of the Dawei Special Economic Zone and Functions and Duties thereof	11
5.	Chapter V Special Privileges of Investor	18
6.	Chapter VI Specific Duties of Developer or Investor	27
7.	Chapter VII Land Use	33

ထားဝယ်အထူးစီးပွားရေးဇုန်ဥပဒေ

မာတိကာ

စဉ်		အကြောင်းအရာ	စာမျက်နှာ
၁။	အခန်း (၁)၊	အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်	၁
၂။	အခန်း (၂)၊	ရည်ရွယ်ချက်များ	၅
၃။	အခန်း (၃)၊	ထားဝယ်အထူးစီးပွားရေးဇုန်	၆
၄။	အခန်း (၄)၊	ထားဝယ်အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ	၁၁
၅။	အခန်း (၅)၊	ရင်းနှီးမြှုပ်နှံသူ၏ အထူးအခွင့်အရေးများ	၁၈
၆။	အခန်း (၆)၊	ရင်းနှီးတည်ဆောက်သူ သို့မဟုတ် ရင်းနှီးမြှုပ်နှံသူ၏ သီးခြားတာဝန်များ	၂၇
၇။	အခန်း (၇)၊	မြေအသုံးပြုခြင်း	၃၃

CONTENTS

No.	Particulars	Page
8.	Chapter VIII Banks and Finance Management and Insurance Business	37
9.	Chapter IX Management and Inspection of Commodities by Customs Department	38
10.	Chapter X Quarantine Inspection and Confinement so as not to spread Contagious Disease	42
11.	Chapter XI Matters relating to Labour	43
12.	Chapter XII Miscellaneous	46

မာတိကာ

စဉ်	အကြောင်းအရာ	စာမျက်နှာ
၈။	အခန်း (၈)၊ ဘဏ်နှင့်ငွေရေးကြေးရေး စီမံခန့်ခွဲခြင်းနှင့် အာမခံလုပ်ငန်း	၃၇
၉။	အခန်း (၉)၊ အကောက်ခွန်ဦးစီးဌာနက စီမံခန့်ခွဲခြင်းနှင့် ကုန်ပစ္စည်းများ စစ်ဆေးခြင်း	၃၈
၁၀။	အခန်း (၁၀)၊ ကူးစက်ရောဂါ ရှိမရှိ စစ်ဆေးခြင်းနှင့် ကူးစက်ရောဂါ ပြန့်ပွားမှုမရှိစေရန် သီးသန့်ထားရှိခြင်း	၄၂
၁၁။	အခန်း (၁၁)၊ အလုပ်သမားရေးရာကိစ္စရပ်များ	၄၃
၁၂။	အခန်း (၁၂)၊ အထွေထွေ	၄၆

The Union of Myanmar

The State Peace and Development Council

The Dawei Special Economic Zone Law

(The State Peace and Development Council Law No. 17/2011)

8th Waning of Pyatho, 1372 M.E.

(27th January , 2011)

Chapter I

Title and Definition

1. This Law shall be called **the Dawei Special Economic Zone Law.**

2. The following expressions contained in this Law shall have the meanings given hereunder:

    (a) **Dawei Special Economic Zone** means the zone notified and established by the Government as a Special Economic Zone by demarcating the extent of territory and

ပြည်ထောင်စုမြန်မာနိုင်ငံတော်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ

ထားဝယ်အထူးစီးပွားရေးဇုန်ဥပဒေ

(နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥပဒေ အမှတ် ၁၇ / ၂၀၁၁)

၁၃၇၂ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၈ ရက်

(၂၀၁၁ ခုနှစ်၊ ဇန်နဝါရီလ ၂၇ ရက်)

အခန်း(၁)

အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို **ထားဝယ်အထူးစီးပွားရေးဇုန်ဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင် ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **ထားဝယ်အထူးစီးပွားရေးဇုန်** ဆိုသည်မှာ အစိုးရအဖွဲ့က မြန်မာအထူးစီးပွားရေးဇုန် ဥပဒေအရ တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်ခရိုင်တွင် အကျယ်အဝန်းနှင့် နယ်နိမိတ်ပိုင်းခြား သတ်မှတ်ပြီး အထူးစီးပွားရေးဇုန်

boundary in Dawei District, Tanintharyi Region under the Myanmar Special Economic Zone Law;

(b) **The expressions "export processing zone, sub-trading zone, citizen, resident foreigner, non-resident foreigner, capital gain and service"** shall have the same meanings as are defined in the Myanmar Special Economic Zone Law;

(c) **Developer** means the person or organization which has been given responsibility of constructing the building, designing model, organizing, promoting, providing finance for developing the whole or a part of the infrastructure of the Dawei Special Economic Zone and providing amenities in the Dawei Special Economic Zone;

(d) **Investor** means the local or foreign individual or organization granted permission to do

တစ်ခုအဖြစ်အမိန့်ကြော်ငြာစာထုတ်ပြန်၍ တည်ထောင်ခွင့်ပြုသည့်ဇုန်ကိုဆိုသည်။

(ခ) **ပို့ကုန်ပစ္စည်း ထုတ်လုပ်မှုဇုန်၊ တစ်ဆင့်ခံကုန်သွယ်မှုဇုန်၊ နိုင်ငံသား၊ ပြည်တွင်းနေ နိုင်ငံခြားသား၊ ပြည်ပနေနိုင်ငံခြားသား၊ အခြေပစ္စည်းမှ မြတ်စွန်းငွေနှင့် ဝန်ဆောင်မှုလုပ်ငန်း** ဆိုသည့် စကားရပ်များသည် မြန်မာအထူးစီးပွားရေးဇုန်ဥပဒေတွင် ဖွင့်ဆိုထားသည့်အတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်။

(ဂ) **ရင်းနှီးတည်ဆောက်သူ** (**Developer**) ဆိုသည်မှာ ထားဝယ်အထူးစီးပွားရေးဇုန်၏ အခြေခံအဆောက်အအုံတစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းကိုဖြစ်စေ ဖွံ့ဖြိုးတိုးတက်စေရန် အဆောက်အအုံ ဆောက်လုပ်ခြင်း၊ ဒီဇိုင်းပုံစံပြုလုပ်ခြင်း၊ စီစဉ်ဆောင်ရွက်ခြင်း၊ အဆင့်မြှင့်တင်ခြင်း၊ ငွေကြေးထောက်ပံ့ခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်း သို့မဟုတ် စီမံခန့်ခွဲခြင်းကိုလည်းကောင်း၊ ထားဝယ်အထူးစီးပွားရေးဇုန်တွင် သာယာလှပစေရန် ဖြည့်ဆည်းဆောင်ရွက်ခြင်းကိုလည်းကောင်း တာဝန်ခံဆောင်ရွက်ခွင့်ပေးထားသည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းကိုဆိုသည်။

(ဃ) **ရင်းနှီးမြှုပ်နှံသူ** ဆိုသည်မှာ ထားဝယ်အထူးစီးပွားရေးဇုန်တွင် ဗဟိုအဖွဲ့ကသတ်မှတ်သည့် ငွေကြေးအမျိုးအစား

business by investing in the type of currency determined by the Central Body in the Dawei Special Economic Zone;

(e) **Plan** includes plans of constructing deep sea port, establishing industrial area, constructing roads and railroads, extending electrical power distribution lines, gas pipe lines and petrol pipe lines, constructing residential quarters, resort centers and infrastructures or carrying out service business in respect of the Dawei Special Economic Zone permitted by the Central Body, with the approval of the Government;

(f) **Company** means a company incorporated in accord with the existing Laws in the Union of Myanmar in order to carry out the works contained in the plan or a company or companies consolidated or subsidiary to such company;

ဖြင့် ရင်းနှီးမြှုပ်နှံ၍ စီးပွားရေးလုပ်ငန်းလုပ်**ကိုင်ရန်** ခွင့်ပြုမိန့်ရရှိသော ပြည်တွင်း ပြည်ပမှ ပုဂ္ဂိုလ် **သို့မဟုတ်** အဖွဲ့အစည်းကို ဆိုသည်။

(င) **စီမံကိန်း** ဆိုရာတွင် အစိုးရအဖွဲ့၏ သဘောတူညီချက်အရ ဗဟိုအဖွဲ့မှ ခွင့်ပြုထားသည့် ထားဝယ်အထူးစီးပွားရေးဇုန်နှင့် စပ်လျဉ်း၍ ပင်လယ်ရေနက်ဆိပ်ကမ်းတည်ဆောက်ခြင်း၊ စက်မှုနယ်မြေတည်ထောင်ခြင်း၊ ကားလမ်း၊ ရထားလမ်းများ ဖောက်လုပ်ခြင်း၊ လျှပ်စစ်ဓာတ်အား ပို့လွှတ်သည့်လိုင်းများ၊ ဓာတ်ငွေ့ပိုက်လိုင်းများနှင့် ရေနံပိုက်လိုင်းများ သွယ်တန်းခြင်း၊ လူနေရပ်ကွက်များ၊ အပန်းဖြေစခန်းများ၊ အခြေခံအဆောက်အအုံများတည်ဆောက်ခြင်း သို့မဟုတ် ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ခြင်းစသည့် စီမံကိန်းများပါဝင်သည်။

(စ) **ကုမ္ပဏီ** ဆိုသည်မှာ စီမံကိန်းပါ လုပ်ငန်းများဆောင်ရွက်ရန် ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် တည်ဆဲဥပဒေများနှင့်အညီ ဖွဲ့စည်းတည်ထောင်ထားသော ကုမ္ပဏီ၊ ယင်းကုမ္ပဏီ၏ တစ်ပေါင်းတစ်စည်းတည်း သို့မဟုတ် လက်အောက်ခံ ကုမ္ပဏီ သို့မဟုတ် ကုမ္ပဏီများကို ဆိုသည်။

(g) **Work Site** means the place prescribed for establishing, implementing and operating the works contained in the plan and carrying out the supportive works thereof;

(h) The expressions **"Government, Central Body and Central Working Body"** shall have the same meanings as are defined in the Myanmar Special Economic Zone Law;

(i) **Responsible Ministry** means the Union Ministry prescribed and assigned duty by the Government to take responsibility in implementing the necessary functions and duties in respect of the Dawei Special Economic Zone;

(j) Management Committee means the Dawei Special Economic Zone Management Committee formed by the Central Body under this Law to carry out the administration and supervision works in the Dawei Special Economic Zone;

(ဆ) **လုပ်ငန်းနေရာ** ဆိုသည်မှာ စီမံကိန်းပါလုပ်ငန်းများ တည်ထောင်ခြင်း၊ အကောင်အထည်ဖော်ခြင်း၊ လုပ်ငန်း ဆောင်ရွက်ခြင်းနှင့် ယင်းတို့၏ အထောက်အကူပြု လုပ်ငန်းများဆောင်ရွက်ရန် သတ်မှတ်ပေးထားသော နေရာကို ဆိုသည်။

(ဇ) **အစိုးရအဖွဲ့၊ ဗဟိုအဖွဲ့နှင့် ဗဟိုလုပ်ငန်းအဖွဲ့** ဆိုသည့် စကားရပ်များသည် မြန်မာအထူးစီးပွားရေးဇုန်ဥပဒေတွင် ဖွင့်ဆိုထားသည့်အတိုင်း အဓိပ္ပာယ်သက်ရောက်စေ ရမည်။

(ဈ) **တာဝန်ခံဝန်ကြီးဌာန** ဆိုသည်မှာ ထားဝယ်အထူး စီးပွားရေးဇုန်နှင့်စပ်လျဉ်းသည့် လုပ်ငန်းတာဝန်များကို တာဝန်ခံဆောင်ရွက်ရန် အစိုးရအဖွဲ့က သတ်မှတ် တာဝန်ပေးသော ပြည်ထောင်စုဝန်ကြီးဌာနကို ဆိုသည်။

(ည) **စီမံခန့်ခွဲမှု ကော်မတီ** ဆိုသည်မှာ ထားဝယ်အထူး စီးပွားရေးဇုန်တွင် စီမံခန့်ခွဲရေးနှင့် ကြီးကြပ်ရေးလုပ်ငန်း များကို ဆောင်ရွက်ရန် ဗဟိုအဖွဲ့က ဤဥပဒေအရ ဖွဲ့စည်းသော ထားဝယ်အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှု ကော်မတီကိုဆိုသည်။

(k) **Dawei Special Economic Zone Supporting Working Body** means the Dawei Special Economic Zone Supporting Working Body formed under this Law in order to support the Management Committee in the Dawei Special Economic Zone.

Chapter II

Objectives

3. The Objectives of this Law are as follows:

(a) to implement the Dawei Special Economic Zone by the supervision of the Central Body in accord with the objectives contained in section 3 of the Myanmar Special Economic Zone;

(b) to emerge as the pivotal place for the trade and transportation of South East Asian Region;

(c) to develop the businesses of the Dawei Special Economic Zone;

(ဋ) **ထားဝယ်အထူးစီးပွားရေးဇုန် အထောက်အကူပြုလုပ်ငန်းအဖွဲ့** ဆိုသည်မှာ ထားဝယ်အထူးစီးပွားရေးဇုန်တွင် စီမံခန့်ခွဲမှုကော်မတီအား အထောက်အကူပြုနိုင်ရန် ဤဥပဒေအရ ဖွဲ့စည်းသော ထားဝယ်အထူးစီးပွားရေးဇုန် အထောက်အကူပြုလုပ်ငန်းအဖွဲ့ကို ဆိုသည်။

အခန်း(၂)

ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်း ဖြစ်သည် -

(က) မြန်မာအထူးစီးပွားရေးဇုန် ဥပဒေပုဒ်မ ၃ ပါ ရည်ရွယ်ချက်များနှင့်အညီ ထားဝယ်အထူးစီးပွားရေးဇုန်ကို ဗဟိုအဖွဲ့၏ ကြီးကြပ်မှုဖြင့် အကောင်အထည်ဖော်ရန်၊

(ခ) အရှေ့တောင်အာရှဒေသ၏ ကုန်သွယ်ရေးနှင့် သယ်ယူပို့ဆောင်ရေးအတွက် အချက်အချာကျသော နေရာဒေသအဖြစ် ပေါ်ထွန်းစေရန်၊

(ဂ) ထားဝယ်အထူးစီးပွားရေးဇုန်၏ စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန်၊

(d) to create more employment opportunities for the public within the Dawei Special Economic Zone;

(e) to develop the infrastructures within the Dawei Special Economic Zone.

Chapter III

Dawei Special Economic Zone

4. The Dawei Special Economic Zone is the zone prescribed and established by the Government under section 4 of the Myanmar Special Economic Zone Law by notification.

5. The following zones are contained in the Dawei Special Economic Zone:

(a) High tech industrial zones;

(b) information and telecommunications technology zones;

(c) export processing zones;

(d) port area zones;

(e) logistics and transportation zones;

(ဃ) ထားဝယ်အထူးစီးပွားရေးဇုန်အတွင်း ပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုဖန်တီးပေးရန်၊

(င) ထားဝယ်အထူးစီးပွားရေးဇုန်အတွင်း အခြေခံအဆောက်အအုံများ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန်။

အခန်း(၃)

ထားဝယ်အထူးစီးပွားရေးဇုန်

၄။ ထားဝယ်အထူးစီးပွားရေးဇုန်သည် မြန်မာအထူးစီးပွားရေးဇုန် ဥပဒေပုဒ်မ ၄ အရ အစိုးရအဖွဲ့က အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ သတ်မှတ်တည်ထောင်သောဇုန်ဖြစ်သည်။

၅။ ထားဝယ်အထူးစီးပွားရေးဇုန်တွင် အောက်ဖော်ပြပါဇုန်များ ပါဝင်သည် -

(က) အဆင့်မြင့်နည်းပညာစက်မှုဇုန်များ၊

(ခ) သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာဇုန်များ၊

(ဂ) ပို့ကုန်ပစ္စည်းထုတ်လုပ်မှုဇုန်များ၊

(ဃ) ဆိပ်ကမ်းနယ်မြေဇုန်များ၊

(င) ထောက်ပံ့ရေးနှင့် သယ်ယူပို့ဆောင်ရေးဇုန်များ၊

(f) scientific and technological research and development zones;

(g) service business zones;

(h) sub-trading zones;

(i) zones prescribed by the Government, from time to time.

6. The works and places where the investment may be made in the Dawei Special Economic Zone are as follows:

(a) port business;

(b) industrial business;

(c) electrical power and related service businesses;

(d) logistic transportation businesses;

(e) constructing motor roads, high-way roads and railroads businesses;

(f) exporting petroleum and natural gas to local and foreign countries and constructing petroleum and natural gas exporting pipeline businesses;

(စ) သိပ္ပံနှင့်နည်းပညာ သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေး ဇုန်များ၊

(ဆ) ဝန်ဆောင်မှုလုပ်ငန်းဇုန်များ၊

(ဇ) တစ်ဆင့်ခံကုန်သွယ်မှုဇုန်များ၊

(ဈ) အစိုးရအဖွဲ့က အခါအားလျော်စွာ သတ်မှတ်သည့် ဇုန်များ။

၆။ ထားဝယ်အထူးစီးပွားရေးဇုန်တွင် ရင်းနှီးမြှုပ်နှံမှုပြုလုပ်နိုင်သည့် လုပ်ငန်းများနှင့် နေရာဌာနများမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ဆိပ်ကမ်းလုပ်ငန်း၊

(ခ) စက်မှုလုပ်ငန်း၊

(ဂ) လျှပ်စစ်ဓာတ်အားနှင့် ဆက်စပ်ဝန်ဆောင်မှုလုပ်ငန်းများ၊

(ဃ) ထောက်ပံ့ပို့ဆောင်ရေးလုပ်ငန်းများ၊

(င) မော်တော်ကားလမ်းများ၊ အဝေးပြေးလမ်းမကြီးများနှင့် ရထားလမ်းဖောက်လုပ်ခြင်းလုပ်ငန်းများ၊

(စ) ပြည်တွင်းပြည်ပသို့ ရေနံနှင့်သဘာဝဓာတ်ငွေ့တင်ပို့ခြင်းနှင့် ရေနံနှင့်သဘာဝဓာတ်ငွေ့တင်ပို့သည့် ပိုက်လိုင်းတည်ဆောက်ခြင်းလုပ်ငန်းများ၊

(g) production based businesses such as goods processing business, Hi-tech production business, industries, agriculture, livestock breeding and fishery, mineral produce business and forestry produce business;

(h) services businesses such as trading, logistics and transportation, storage, hotel and tourism, education and health, residential quarters, infrastructure supply and support centers, green areas which conserve and protect the natural environment, recreation and resort centres;

(i) infrastructure construction businesses such as road, bridge, airport, port, electricity, communication and water supply, environment conservation and protection, and wastes control;

(j) other businesses determined by the Central Body, with the approval of the Government.

(ဆ) ကုန်ပစ္စည်း ထုတ်လုပ်မှုလုပ်ငန်း၊ အဆင့်မြင့်နည်းပညာဖြင့် ထုတ်လုပ်မှုလုပ်ငန်း၊ စက်မှုလုပ်ငန်းများ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ရေလုပ်ငန်း၊ သတ္တုပစ္စည်းလုပ်ငန်းနှင့် သစ်တောထွက်ပစ္စည်းထုတ်လုပ်မှုလုပ်ငန်းများစသည့် ထုတ်လုပ်မှုကို အခြေခံသောလုပ်ငန်းများ၊

(ဇ) ကုန်သွယ်ရေး၊ ထောက်ပံ့ရေးနှင့် သယ်ယူပို့ဆောင်ရေး၊ ကုန်သိုလှောင်ရေး၊ ဟိုတယ်နှင့်ခရီးသွားလာရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူနေရပ်ကွက်များ၊ အခြေခံအဆောက်အအုံ ဖြည့်ဆည်းထောက်ပံ့ရေးဌာနများ၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်သည့် စိမ်းလန်းနယ်မြေများ၊ အနားယူအပန်းဖြေစခန်းများ စသည့် ဝန်ဆောင်မှုလုပ်ငန်းများ၊

(ဈ) လမ်း၊ တံတား၊ လေဆိပ်၊ ဘူတာရုံ၊ ဆိပ်ကမ်း၊ လျှပ်စစ်၊ ဆက်သွယ်ရေး၊ ရေရရှိရေး၊ ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် စွန့်ပစ်ပစ္စည်းများ ထိန်းသိမ်းရေးစသည့် အခြေခံအဆောက်အအုံလုပ်ငန်းများ၊

(ည) ဗဟိုအဖွဲ့က အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် သတ်မှတ်သည့် အခြားလုပ်ငန်းများ။

7. The Dawei Special Economic Zone established under section 4 shall be:

(a) a zone implemented under this Law in accordance with the economic policies adopted by the State;

(b) a zone managed according to the nature of the work of Special Economic Zone in accordance with this Law;

(c) a zone invested and used in the currency determined by the Central Body with the approval of the Government;

(d) a zone which conforms to the international commercial market based on goods processing and export for the fulfilment of the objectives contained in section 3;

(e) a zone which practices speedy one-stop service system for the office works relating to the Special Economic Zone.

၇။ ပုဒ်မ ၄ အရ တည်ထောင်သည့် ထားဝယ်အထူးစီးပွားရေးဇုန်သည် -

(က) နိုင်ငံတော်ကချမှတ်ထားသည့်စီးပွားရေးမူဝါဒများနှင့် အညီ ဤဥပဒေအရအကောင်အထည်ဖော်ဆောင်ရွက်သည့် ဇုန်ဖြစ်ရမည်။

(ခ) ဤဥပဒေနှင့်အညီ အထူးစီးပွားရေးဇုန်၏ လုပ်ငန်းသဘာဝအလိုက် စီမံခန့်ခွဲသည့် ဇုန်ဖြစ်ရမည်။

(ဂ) အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဗဟိုအဖွဲ့က သတ်မှတ်သည့် ငွေကြေးဖြင့် ရင်းနှီးမြှုပ်နှံခြင်းနှင့် သုံးစွဲခြင်းများပြုသည့် ဇုန်ဖြစ်ရမည်။

(ဃ) ပုဒ်မ ၃ ပါ ရည်ရွယ်ချက်များ ဖြစ်ထွန်းလာစေရေးအတွက် ကုန်ပစ္စည်းထုတ်လုပ်ရေးနှင့်တင်ပို့ရေးတို့ကို အခြေခံပြီး အပြည်ပြည်ဆိုင်ရာဈေးကွက်နှင့် လိုက်လျောညီထွေမှုရှိသည့် ဇုန်ဖြစ်ရမည်။

(င) အထူးစီးပွားရေးဇုန်နှင့် သက်ဆိုင်သောရုံးလုပ်ငန်းများကို တစ်နေရာတည်း၌ တစ်စုတစ်စည်းတည်း မြန်ဆန်စွာ ဆောင်ရွက်ပေးသည့်စနစ်ကို ကျင့်သုံးသည့်ဇုန်ဖြစ်ရမည်။

8. The State shall encourage the investors in the Dawei Special Economic Zone to operate the following works in priority:

(a) Hi-tech industries;

(b) businesses which will further promote the economic development of the State;

(c) businesses which will further promote trade and service;

(d) businesses which will further promote the infrastructures;

(e) businesses which will create more employment opportunities for citizens;

(f) businesses which include citizen's investment in foreign investment businesses;

(g) businesses for conservation and protection of natural environment;

(h) other businesses prescribed by the Central Body, from time to time, to carry out in priority.

၈။ နိုင်ငံတော်သည် ထားဝယ်အထူးစီးပွားရေးဇုန်တွင် ရင်းနှီးမြှုပ်နှံသူများအား အောက်ပါလုပ်ငန်းများကို ဦးစားပေး လုပ်ကိုင်ကြစေရန် အားပေးမည် -

(က) အဆင့်မြင့် နည်းပညာဖြင့် ထုတ်လုပ်မှုလုပ်ငန်းများ၊

(ခ) နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ပိုမိုဖြစ်ထွန်းစေမည့် လုပ်ငန်းများ၊

(ဂ) ကုန်သွယ်ရေးနှင့် ဝန်ဆောင်မှုပိုမိုတိုးမြင့်စေမည့် လုပ်ငန်းများ၊

(ဃ) အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်စေမည့် လုပ်ငန်းများ၊

(င) နိုင်ငံသားများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုတိုးတက်ဖြစ်ထွန်းလာစေမည့် လုပ်ငန်းများ၊

(စ) နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများတွင် နိုင်ငံသား ရင်းနှီးမြှုပ်နှံမှုပါဝင်သည့် လုပ်ငန်းများ၊

(ဆ) သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်ရေးလုပ်ငန်းများ၊

(ဇ) ဦးစားပေးလုပ်ကိုင်ရန် ဗဟိုအဖွဲ့က အခါအားလျော်စွာ သတ်မှတ်သည့်အခြားလုပ်ငန်းများ။

Chapter IV

Formation of the Management Committee of the Dawei Special Economic Zone and Functions and Duties thereof

Formation of the Committee

9. The Government:

(a) shall form a Management Committee of the Dawei Special Economic Zone with the persons from the stipulated Government departments and organizations for enabling to carry out the duties contained in section 10;

(b) shall designate and assign duty to the Chairman, the Vice-Chairman, the Secretary and the Joint-Secretary in forming under sub-section (a). The Chairman is determined as the level of Union Minister. The Chairman shall, in respect of the Dawei Special Economic Zone, be responsible directly to the President of the Union through the Minister for the Ministry of the Office of the President;

အခန်း(၄)

ထားဝယ်အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီဖွဲ့စည်းခြင်းနှင့်လုပ်ငန်းတာဝန်များ

ကော်မတီဖွဲ့စည်းခြင်း

၉။ အစိုးရအဖွဲ့သည်

(က) ပုဒ်မ ၁၀ ပါ လုပ်ငန်းတာဝန်များကို ဆောင်ရွက်နိုင်ရန် ထားဝယ်အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီ တစ်ရပ်ကို သတ်မှတ်သော အစိုးရဌာန၊ အဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းပေးရမည်။

(ခ) ပုဒ်မခွဲ(က)အရ ဖွဲ့စည်းရာတွင် ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် တွဲဖက်အတွင်းရေးမှူးတို့ကို သတ်မှတ်တာဝန်ပေးရမည်။ ဥက္ကဋ္ဌကို ပြည်ထောင်စုဝန်ကြီးအဆင့် သတ်မှတ်သည်။ ဥက္ကဋ္ဌသည် ထားဝယ်အထူးစီးပွားရေးဇုန် ကိစ္စများနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတရုံး ဝန်ကြီးမှတစ်ဆင့် နိုင်ငံတော်သမ္မတကို တိုက်ရိုက်တာဝန်ခံဆောင်ရွက်ရမည်။

(c) shall assign duty to a representative from the Government of the Tanintharyi Region in the Management Committee;

(d) may carry out the substitution of the members of the Management Committee formed under sub-section (a) and alteration of the formation as may be necessary;

(e) may also form and assign duty to other suitable working bodies.

Functions and duties of the Committee

10. The functions and duties of the Management Committee of the Dawei Special Economic Zone are as follows:

(a) submitting the Dawei Special Economic Zone development plan to the Central Body and Central Working Bodies and obtaining approval for enabling to implement and operate the Dawei Special Economic Zone successfully;

(ဂ) စီမံခန့်ခွဲမှုကော်မတီတွင် တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့မှ ကိုယ်စားလှယ်တစ်ဦးအား အဖွဲ့ဝင်အဖြစ် တာဝန်ပေးအပ်ရမည်။

(ဃ) ပုဒ်မခွဲ(က)အရ ဖွဲ့စည်းသော စီမံခန့်ခွဲမှုကော်မတီဝင်များ အစားထိုးခန့်ထားခြင်းနှင့် လိုအပ်သလိုပြင်ဆင် ဖွဲ့စည်းခြင်းတို့ကိုပြုလုပ်နိုင်သည်။

(င) သင့်လျော်သော အခြားလုပ်ငန်းအဖွဲ့များကိုလည်း ဖွဲ့စည်းတာဝန်ပေးအပ်နိုင်သည်။

ကော်မတီ၏လုပ်ငန်းတာဝန်များ

၁၀။ ထားဝယ်အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ထားဝယ်အထူးစီးပွားရေးဇုန်ကို အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် အထူးစီးပွားရေးဇုန် ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းကို ဗဟိုအဖွဲ့နှင့် ဗဟိုလုပ်ငန်းအဖွဲ့များသို့ တင်ပြပြီး အတည်ပြုချက်ရယူခြင်း၊

(b) arranging to enable operation of the investment businesses to be carried out in the Dawei Special Economic Zone with the approval of the Central Body, in accordance with the stipulation;

(c) supervising and inspecting the matters on implementation of investment and establishment plans, land-use, environmental conservation, wastes control, health, education, finance and taxation, development, transport, communication, security, electricity, energy and water supply etc., and coordinating with the relevant Government departments and organizations;

(d) coordinating with the relevant Government departments and organizations as may be necessary for enabling to give protection to the property, profits and other rights of the investor in conformity with the existing Laws;

(ခ) ဗဟိုအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ထားဝယ်အထူးစီးပွားရေးဇုန်တွင် ဆောင်ရွက်မည့် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများအား သတ်မှတ်ချက်နှင့်အညီ လုပ်ကိုင်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးခြင်း၊

(ဂ) ရင်းနှီးမြှုပ်နှံမှုနှင့် တည်ဆောက်ရေးစီမံကိန်းများ အကောင်အထည်ဖော်ရေး၊ မြေအသုံးပြုရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ စွန့်ပစ်ပစ္စည်းများ ထိန်းသိမ်းရေး၊ ကျန်းမာရေး၊ ပညာရေး၊ ငွေရေးကြေးရေးနှင့် အခွန်အကောက်၊ စည်ပင်သာယာရေး၊ သယ်ယူပို့ဆောင်ရေး၊ ဆက်သွယ်ရေး၊ လုံခြုံရေး၊ လျှပ်စစ်၊ စွမ်းအင်နှင့် ရေရရှိရေး စသည့် ထားဝယ်အထူးစီးပွားရေးဇုန်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စများကို ကြီးကြပ်ကွပ်ကဲခြင်း၊ ကြည့်ရှုစစ်ဆေးခြင်းနှင့် သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဃ) ရင်းနှီးမြှုပ်နှံသူပိုင်ဆိုင်သည့် ပစ္စည်းများ၊ အကျိုးအမြတ်များနှင့်အခြားအခွင့်အရေးများအား တည်ဆဲဥပဒေများနှင့်အညီ အကာအကွယ်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းများနှင့် လိုအပ်သလို ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊

(e) coordinating with the relevant Government departments and organizations as may be necessary for enabling to obtain entry visa and residency for foreign investors and their employees, technicians and staff working in the Dawei Special Economic Zone;

(f) coordinating to facilitate the Central Bank of Myanmar as may be necessary, in implementing financial management, supervising foreign currency exchange and financial businesses for the investors in the Dawei Special Economic Zone and in communicating and carrying out with the banks permitted to do foreign banking business in Myanmar;

(g) coordinating with the developers, investors or companies which will take responsibility to construct the infrastructures in the Dawei Special Economic Zone and giving permission

(င) ထားဝယ်အထူးစီးပွားရေးဇုန်၌ အလုပ်လုပ်ကိုင်လျက်ရှိသည့် နိုင်ငံခြားသားများဖြစ်သော ရင်းနှီးမြှုပ်နှံသူများနှင့် ၎င်းတို့၏ အလုပ်သမားများ၊ အတတ်ပညာရှင်များနှင့် ဝန်ထမ်းများ ပြည်ဝင်ဗီဇာနှင့် ပြည်တွင်းနေထိုင်ခွင့် ရရှိရေးအတွက် လိုအပ်သည်များကို သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊

(စ) မြန်မာနိုင်ငံတော် ဗဟိုဘဏ်က ထားဝယ်အထူးစီးပွားရေးဇုန်တွင် ငွေရေးကြေးရေးဆိုင်ရာ စီမံခန့်ခွဲမှုများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လည်းကောင်း၊ ရင်းနှီးမြှုပ်နှံသူများအတွက် နိုင်ငံခြားငွေ လဲလှယ်ခြင်း၊ ငွေရေးကြေးရေး လုပ်ငန်းများကို ကြီးကြပ်ဆောင်ရွက်ခြင်းနှင့် မြန်မာနိုင်ငံအတွင်းရှိ နိုင်ငံခြားဘဏ်လုပ်ငန်းလုပ်ကိုင်ခွင့်ရှိသည့် ဘဏ်များနှင့်ဆက်သွယ်ဆောင်ရွက်ခြင်းပြုရာတွင် လည်းကောင်း လွယ်ကူချောမွေ့စေရန် လိုအပ်သလို ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊

(ဆ) ထားဝယ်အထူးစီးပွားရေးဇုန်၏ အခြေခံအဆောက်အအုံများကို တာဝန်ယူဆောက်လုပ်မည့် ရင်းနှီးတည်ဆောက်သူများ၊ ရင်းနှီးမြှုပ်နှံသူများ သို့မဟုတ် ကုမ္ပဏီများနှင့် ညှိနှိုင်း၍ သတ်မှတ်ချက်နှင့်အညီ

to do so in accord with the stipulation and supervising their activities;

(h) carrying out one-stop service relating to the works which may be allowed by the Management Committee according to the existing Law with the approval of the Central Body;

(i) scrutinizing and approving the construction works, designs in accord with the main plan of the Dawei Special Economic Zone;

(j) supervising for the natural environmental conservation and protection in the Dawei Special Economic Zone in accord with the existing Laws, scrutinizing the disposal system of industrial wastes and if it is not in conformity with the stipulations, causing the developer or investor to perform in line with them;

(k) allotting sites within the prescribed area for the project in order to carry out the project works in accord with the stipulations;

လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုခြင်းနှင့် ယင်းတို့၏ ဆောင်ရွက်ချက်များကို ကြီးကြပ်ကွပ်ကဲခြင်း၊

(ဇ) တည်ဆဲဥပဒေအရ ဗဟိုအဖွဲ့၏သဘောတူညီချက်ဖြင့် စီမံခန့်ခွဲမှုကော်မတီက ခွင့်ပြုပေးသည့် လုပ်ငန်းများနှင့် စပ်လျဉ်း၍ တစ်နေရာတည်း၌ တစ်စုတစ်စည်းတည်း မြန်ဆန်စွာ ဆောင်ရွက်ပေးခြင်း၊

(ဈ) ထားဝယ်အထူးစီးပွားရေးဇုန်၏ ပင်မစီမံကိန်းနှင့်အညီ တည်ဆောက်ရေးလုပ်ငန်းများ၊ ဒီဇိုင်းပုံစံများကို စိစစ်အတည်ပြုခြင်း၊

(ည) ထားဝယ်အထူးစီးပွားရေးဇုန်တွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ရေးအတွက် တည်ဆဲဥပဒေများနှင့်အညီ ကြီးကြပ်ကွပ်ကဲခြင်း၊ စက်ရုံသုံးစွန့်ထုတ်ပစ္စည်းစွန့်ပစ်ရေး စနစ်ကို စိစစ်ခြင်းနှင့် သတ်မှတ်ချက်များနှင့် ကိုက်ညီမှုမရှိပါက ကိုက်ညီစေရန် ရင်းနှီးတည်ဆောက်သူသို့မဟုတ် ရင်းနှီးမြှုပ်နှံသူအား ဆောင်ရွက်စေခြင်း၊

(ဋ) စီမံကိန်းအတွက် သတ်မှတ်ထားသောနေရာအတွင်း စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် သတ်မှတ်ချက်များနှင့်အညီ လုပ်ငန်းနေရာကို ခွဲဝေချထားခြင်း၊

(l) submitting and carrying out the contracts to be concluded between the developer or the investor and the relevant Government departments and organizations in accord with the relevant existing Laws to the Central Body and to the Government through the Central Body;

(m) constituting the Dawei Special Economic Zone Supportive Working Body which includes the representatives from the relevant Government departments and organizations and the representatives of the developer or investor in order to support the Management Committee in the Dawei Special Economic Zone;

(n) coordinating the matters which need to be coordinated with the Tanintharyi Region Government in respect of the Dawei Special Economic Zone;

(ဌ) ရင်းနှီးတည်ဆောက်သူ သို့မဟုတ် ရင်းနှီးမြှုပ်နှံသူနှင့် သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများအကြား ချုပ်ဆိုမည့် စာချုပ်စာတမ်းများကို သက်ဆိုင်ရာတည်ဆဲ ဥပဒေများနှင့်အညီ ဗဟိုအဖွဲ့နှင့် ဗဟိုအဖွဲ့မှတစ်ဆင့် အစိုးရအဖွဲ့သို့ တင်ပြဆောင်ရွက်ခြင်း၊

(ဍ) ထားဝယ်အထူးစီးပွားရေးဇုန်တွင် စီမံခန့်ခွဲမှုကော်မတီအား အထောက်အကူပြုနိုင်ရန် သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် ရင်းနှီးတည်ဆောက်သူ သို့မဟုတ် ရင်းနှီးမြှုပ်နှံသူ၏ ကိုယ်စားလှယ်များပါဝင်သော ထားဝယ်အထူးစီးပွားရေးဇုန် အထောက်အကူပြုလုပ်ငန်းအဖွဲ့ကို ဗဟိုအဖွဲ့၏ သဘောတူညီချက်ဖြင့် ဖွဲ့စည်းခြင်းနှင့် ယင်းတို့၏လုပ်ငန်းတာဝန်များ သတ်မှတ်ပေးခြင်း၊

(ပ) ထားဝယ်အထူးစီးပွားရေးဇုန်နှင့် စပ်လျဉ်း၍ တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ညှိနှိုင်းပေးရမည့် ကိစ္စများကို ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊

(o) having the right to obtain necessary aids from the relevant Government departments and organizations in respect of the works of the Dawei Special Economic Zone;

(p) carrying out the functions and duties specifically assigned by the Government and the Central Body.

11. The Management Committee shall carry out so that the developer or the investor employs the citizen entrepreneur, company or organization in term of contract for the works in their businesses invested within the Dawei Special Economic Zone except the work which require specific expertise. If the investor asks advice it shall be coordinated for enabling to obtain suitable citizen entrepreneur, company or organization for his work.

(ဏ) ထားဝယ်အထူးစီးပွားရေးဇုန်ဆိုင်ရာ လုပ်ငန်းများနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများထံမှ လိုအပ်သည့်အကူအညီများကို ရယူဆောင်ရွက်ခွင့်ရှိခြင်း၊

(တ) အစိုးရအဖွဲ့နှင့် ဗဟိုအဖွဲ့တို့က သီးခြားတာဝန်ပေးသည့် လုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း။

၁၁။ စီမံခန့်ခွဲမှု ကော်မတီသည် ထားဝယ်အထူးစီးပွားရေးဇုန်အတွင်း ရင်းနှီးတည်ဆောက်သူ သို့မဟုတ် ရင်းနှီးမြှုပ်နှံသူအား ယင်းတို့ ရင်းနှီးမြှုပ်နှံသည့် လုပ်ငန်းများအနက် သီးခြားကျွမ်းကျင်မှုလိုအပ်သည့် လုပ်ငန်းများမှအပ အခြားလုပ်ငန်းများကို နိုင်ငံသားစီးပွားရေး လုပ်ငန်းရှင်၊ ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းများကို ကန်ထရိုက်အဖြစ် လုပ်ငန်းအပ်နှံစေရေးအတွက် ဆောင်ရွက်ပေးရမည်။ ရင်းနှီးမြှုပ်နှံသူက အကြံဉာဏ်တောင်းခံလာပါက ယင်း၏လုပ်ငန်းအတွက် သင့်လျော်သည့် နိုင်ငံသား စီးပွားရေးလုပ်ငန်းရှင်၊ ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းများ ရရှိနိုင်ရန် ညှိနှိုင်းပေးရမည်။

Chapter V

Special Privileges of Investor

12. The investor:

(a) is entitled to carry out the following businesses in accord with the stipulations in the Dawei Special Economic Zone:

(i) manufacturing finished products from raw materials, process production by machinery, carrying out warehousing, transport and service providing;

(ii) transporting and importing raw materials, packaging materials, machinery and equipment, and fuel oils to be used in investment business from local or overseas to the Dawei Special Economic Zone;

(iii) commerce, import and export;

(iv) selling at local market, in accordance with the stipulation of the Management

အခန်း(၅)

ရင်းနှီးမြှုပ်နှံသူ၏ အထူးအခွင့်အရေးများ

၁၂။ ရင်းနှီးမြှုပ်နှံသူသည် -

(က) ထားဝယ်အထူးစီးပွားရေးဇုန်တွင် အောက်ပါ လုပ်ငန်းများကို သတ်မှတ်ချက်များနှင့်အညီ လုပ်ကိုင်ဆောင်ရွက်ခွင့်ရှိသည်-

(၁) ကုန်ကြမ်းပစ္စည်းမှ ကုန်ချော ပစ္စည်းထုတ်လုပ်ခြင်း၊ စက်ကိုအသုံးပြု၍ ကုန်ပစ္စည်းအဆင့်ဆင့်ထုတ်လုပ်ခြင်း၊ ကုန်လှောင်ရုံလုပ်ငန်း လုပ်ကိုင်ခြင်း၊ သယ်ယူပို့ဆောင်ခြင်းနှင့် ဝန်ဆောင်မှုပေးခြင်း၊

(၂) ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတွင် အသုံးပြုမည့်ကုန်ကြမ်းပစ္စည်းများ၊ ထုပ်ပိုးပစ္စည်းများ၊ စက်ပစ္စည်းကိရိယာတန်ဆာပလာများနှင့် စက်သုံးဆီများကို ပြည်တွင်းပြည်ပမှ ထားဝယ်အထူးစီးပွားရေးဇုန်အတွင်းသို့ သယ်ယူတင်သွင်းခြင်း၊

(၃) ကူးသန်းရောင်းဝယ်ခြင်း၊ ပြည်တွင်းသို့ တင်သွင်းခြင်းနှင့် ပြည်ပသို့တင်ပို့ခြင်း၊

(၄) ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းမှ ထုတ်လုပ်သည့်ဆေးဝါးများနှင့် စားသောက်ကုန် ပစ္စည်းများမှအပ စံချိန်စံညွှန်း

Committee, other goods produced by investment business, which are sub-standard but consumable except medicines and foodstuff;

(v) establishing and operating offices for investment business and overseas service works in the Dawei Special Economic Zone, with the permission of the Management Committee;

(vi) constructing deep sea port;

(vii) constructing the industries such as steel plant, chemical fertilizer plant, oil refinery, petrol chemical factory, coal or power stations running on natural gas;

(viii) carrying out service businesses within the Dawei Special Economic Zone;

(ix) constructing roads, railroads from the prescribed region to border area for the

မမီသော်လည်း အသုံးပြု၍ရသော အခြားပစ္စည်းများအား စီမံခန့်ခွဲမှုကော်မတီ၏ သတ်မှတ်ချက်နှင့်အညီ ပြည်တွင်းဈေးကွက်၌ ရောင်းချခြင်း၊

(၅) ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းနှင့် ပြည်ပမှဝန်ဆောင်မှုလုပ်ငန်းများ၏ ရုံးများကို ထားဝယ်အထူးစီးပွားရေးဇုန်အတွင်း စီမံခန့်ခွဲမှုကော်မတီ၏ ခွင့်ပြုမိန့်ဖြင့် တည်ထောင်ဖွင့်လှစ်၍ လုပ်ကိုင်ဆောင်ရွက်ခြင်း၊

(၆) ပင်လယ်ရေနက်ဆိပ်ကမ်း တည်ဆောက်ခြင်း၊

(၇) သံမဏိစက်ရုံ၊ ဓာတ်မြေဩဇာစက်ရုံ၊ ရေနံချက်စက်ရုံ၊ ရေနံဓာတုစက်ရုံ၊ ကျောက်မီးသွေး သို့မဟုတ် သဘာဝဓာတ်ငွေ့ စွမ်းအင်သုံးလျှပ်စစ်ဓာတ်အားပေးစက်ရုံစသည့် စက်မှုလုပ်ငန်းများ တည်ဆောက်ခြင်း၊

(၈) ထားဝယ်အထူးစီးပွားရေးဇုန်အတွင်း ဝန်ဆောင်မှုလုပ်ငန်းများဆောင်ရွက်ခြင်း၊

(၉) စီမံကိန်းအတွက် သတ်မှတ်ထားသောဒေသမှ နယ်စပ်ဒေသအထိ ကားလမ်း၊ ရထားလမ်းများ

project and extending electricity distribution lines, petroleum pipe lines and gas pipe lines;

(x) establishing the infrastructures for residential and economic development, tourism, places which contain resort centres;

(xi) carrying out other businesses not prohibited under the existing Laws, with the permission of the Management Committee.

(b) shall carry out under the supervision of the Management Committee in carrying out the businesses mentioned in sub-section (a) in conformity with the existing Laws.

13. The investor:

(a) shall sell the goods produced in the Dawei Special Economic Zone to the international market;

ဖောက်လုပ်ခြင်းနှင့် လျှပ်စစ်ဓာတ်အား ပို့လွှတ်သည့် လိုင်းများ၊ ရေနံပိုက်လိုင်းများနှင့် ဓာတ်ငွေ့ ပိုက်လိုင်းများ သွယ်တန်းခြင်း၊

(၁၀) လူနေထိုင်ရန်နှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး အတွက် တည်ဆောက်သည့် အခြေခံအဆောက်အအုံများ၊ ခရီးသွားလုပ်ငန်း၊ အပန်းဖြေစခန်းများ ပါဝင်သည့်နေရာများ တည်ထောင်ခြင်း၊

(၁၁) တည်ဆဲဥပဒေတစ်ရပ်ရပ်အရ တားမြစ်ထားခြင်း မရှိသော အခြားစီးပွားရေးလုပ်ငန်းများကို စီမံခန့်ခွဲမှု ကော်မတီ၏ ခွင့်ပြုမိန့်ဖြင့် လုပ်ကိုင်ဆောင်ရွက်ခြင်း။

(ခ) ပုဒ်မခွဲ(က)ပါ လုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ရာတွင် တည်ဆဲဥပဒေများနှင့် ညီညွတ်မှုရှိစေရန် စီမံခန့်ခွဲမှု ကော်မတီ၏ ကြီးကြပ်မှုဖြင့် ဆောင်ရွက်ရမည်။

၁၃။ ရင်းနှီးမြှုပ်နှံသူသည်-

(က) ထားဝယ်အထူးစီးပွားရေးဇုန်မှ ထုတ်လုပ်သော ကုန်ပစ္စည်းများကို အပြည်ပြည်ဆိုင်ရာဈေးကွက်သို့ ရောင်းချရမည်။

(b) shall use the imported materials for own production only and not to sell them in local market;

(c) if it is desirous to sell the goods contained in sub- sections (a) and (b) locally, shall obtain the permission of the Management Committee and pay stipulated taxes and revenues in accord with the procedure under the existing Law.

14. The investor who invests and operates business in the Dawei Special Economic Zone:

(a) may apply for income tax exemption on the proceeds of overseas sale for the first five years from the day of commencement of the production or service;

(b) may apply for fifty percent relief on the income tax rate stipulated under existing Law for the second five years on the overseas sale proceeds;

(ခ) ပြည်ပမှတင်သွင်းလာသည့် သွင်းကုန်ပစ္စည်းများကို ကိုယ်တိုင်ထုတ်လုပ်မှုအတွက်သာ အသုံးပြုရန်ဖြစ်ပြီး ပြည်တွင်းတွင် ရောင်းချခြင်းမပြုရ။

(ဂ) ပုဒ်မခွဲ(က)နှင့်(ခ)တို့ပါ ကုန်ပစ္စည်းများကို ပြည်တွင်းတွင် ရောင်းချလိုပါက စီမံခန့်ခွဲမှုကော်မတီ၏ ခွင့်ပြုချက် ရယူ၍ တည်ဆဲဥပဒေအရ လုပ်ထုံးလုပ်နည်းနှင့်အညီ သတ်မှတ်သော အခွန်အခများပေးဆောင်ရမည်။

၁၄။ ထားဝယ်အထူးစီးပွားရေးဇုန်အတွင်း ရင်းနှီးမြှုပ်နှံ၍ လုပ်ငန်း လုပ်ကိုင်သည့် ရင်းနှီးမြှုပ်နှံသူသည်-

(က) ထုတ်လုပ်မှု သို့မဟုတ် ဝန်ဆောင်မှုလုပ်ငန်းစတင်သည့် နေ့မှ ပထမငါးနှစ်အတွက် ပြည်ပရောင်းရငွေအပေါ် ဝင်ငွေခွန်ကင်းလွတ်ခွင့် လျှောက်ထားနိုင်သည်။

(ခ) ဒုတိယငါးနှစ်အတွက် ပြည်ပရောင်းရငွေအပေါ် တည်ဆဲ ဥပဒေအရ သတ်မှတ်သည့် ဝင်ငွေခွန်နှုန်းထား၏ ၅၀ ရာခိုင်နှုန်း သက်သာခွင့်လျှောက်ထားနိုင်သည်။

(c) for the third five years, if the profit obtained from export sale is re- invested, may apply for fifty percent relief on the income tax rate stipulated under existing Law on such invested profit;

(d) after the expiry of exemption and relief period contained in sub- sections (a) and (b), if exemption and relief is not allowed again under this Law, shall pay at the income tax rate stipulated under existing Law.

15. After the expiry of the tax exemption and relief period for goods processing businesses invested and operated in the Dawei Special Economic Zone, if the value of export items exceed 50 percent of the total value of products in the large- scale investment businesses; if it exceeds 60 percent in the medium- scale investment businesses; and if it exceeds 70 percent in the small- scale investment businesses, income tax relief for that year may be applied for.

(ဂ) တတိယငါးနှစ်အတွက် ပြည်ပတင်ပို့ရောင်းချခြင်းမှ ရရှိသည့် မြတ်စွန်းငွေကို ပြန်လည်ရင်းနှီးမြှုပ်နှံပါက ထိုရင်းနှီးမြှုပ်နှံသည့် မြတ်စွန်းငွေအပေါ် တည်ဆဲဥပဒေအရ သတ်မှတ်သည့် ဝင်ငွေခွန်နှုန်းထား၏ ၅၀ ရာခိုင်နှုန်း သက်သာခွင့် လျှောက်ထားနိုင်သည်။

(ဃ) ပုဒ်မခွဲ(က)နှင့်(ခ)တို့ပါ ကင်းလွတ်ခွင့်နှင့် သက်သာခွင့် ကာလကုန်ဆုံးပြီးနောက် ဤဥပဒေအရ ကင်းလွတ်ခွင့်နှင့် သက်သာခွင့်ကို ထပ်မံခွင့်ပြုခြင်းမရှိလျှင် တည်ဆဲဥပဒေအရ သတ်မှတ်သည့် ဝင်ငွေခွန်နှုန်းထားအတိုင်း ထမ်းဆောင်ရမည်။

၁၅။ ထားဝယ်အထူးစီးပွားရေးဇုန်အတွင်း ရင်းနှီးမြှုပ်နှံလုပ်ကိုင်သည့် ကုန်ပစ္စည်းထုတ်လုပ်မှု လုပ်ငန်းများအတွက် အခွန်ကင်းလွတ်ခွင့်နှင့် သက်သာခွင့်ကာလကုန်ဆုံးပြီးနောက် ပို့ကုန်ပစ္စည်းတန်ဖိုးသည် ထုတ်လုပ်သည့်ပစ္စည်းတန်ဖိုး စုစုပေါင်းထက် အကြီးစားရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများတွင် ၅၀ ရာခိုင်နှုန်း ထက်ကျော်လွန်လျှင်လည်းကောင်း၊ အလတ်စားရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများတွင် ၆၀ ရာခိုင်နှုန်းထက် ကျော်လွန်လျှင်လည်းကောင်း၊ အသေးစားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများတွင် ၇၀ ရာခိုင်နှုန်းထက် ကျော်လွန်လျှင်လည်းကောင်း ထိုနှစ်အတွက် ဝင်ငွေခွန် သက်သာခွင့် လျှောက်ထားနိုင်သည်။

16. The investor, within the Dawei Special Economic Zone, shall:

(a) if the capital asset is transferred by sale, exchange or otherwise as the promotion for long- term investment, pay to the State the amount of money stipulated by the Central Body which is not more than 50 percent of the profit gained based upon the category of business, value of investment and sale proceeds;

(b) pay tax, according to existing Law, on the remaining profit after having paid under sub-section (a);

Proviso: In case of petroleum and natural gas sector and petrochemical businesses, income-tax shall be paid at the rate as prescribed by the Income-tax Law.

(c) if income is obtained from the lease of property, income tax shall be paid on such income at the rate stipulated under existing Law;

၁၆။ ရင်းနှီးမြှုပ်နှံသူသည် ထားဝယ်အထူးစီးပွားရေးဇုန်တွင်-

(က) ရေရှည်ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းဆောင်ရွက်နိုင်စေရန် အားပေးသည့်အနေဖြင့် အခြေပစ္စည်းကို ရောင်းချခြင်း၊ လဲလှယ်ခြင်း သို့မဟုတ် အခြားနည်းဖြင့် လွှဲပြောင်းခြင်း ပြုလျှင်လုပ်ငန်းအမျိုးအစား၊ ရင်းနှီးမြှုပ်နှံမှုတန်ဖိုး၊ ရောင်းရသည့် တန်ဖိုးတို့ပေါ်မူတည်ပြီး ရရှိသော မြတ်စွန်းငွေ၏ ၅၀ ရာခိုင်နှုန်းထက် မပိုသည့် ဗဟိုအဖွဲ့က သတ်မှတ်သောငွေပမာဏကို နိုင်ငံတော်သို့ပေးသွင်း ရမည်။

(ခ) ပုဒ်မခွဲ(က)အရ ပေးသွင်းပြီး ကျန်ရှိသည့်မြတ်စွန်းငွေ အပေါ် တည်ဆဲဥပဒေနှင့်အညီ အခွန်ပေးဆောင်ရမည်။

ခြွင်းချက်။ ။ ရေနံနှင့်သဘာဝဓာတ်ငွေ့ကဏ္ဍနှင့် ရေနံဓာတုဗေဒလုပ်ငန်းများအတွက် ကိုမူ ဝင်ငွေခွန် ဥပဒေအရ သတ်မှတ်သည့် ဝင်ငွေခွန်နှုန်းထားဖြင့် ထမ်းဆောင် ရမည်။

(ဂ) ပစ္စည်းကိုငှားရမ်းခြင်းမှ ဝင်ငွေရရှိလျှင် ထိုရရှိသည့် ဝင်ငွေအတွက် တည်ဆဲဥပဒေအရ သတ်မှတ်သည့် ဝင်ငွေခွန်နှုန်းထားဖြင့် ထမ်းဆောင်ရမည်။

(d) may apply for exemption from income tax on the dividends of each share-holder distributed on the profit accrued locally and on which tax has already been paid.

17. Although a non-resident foreigner has no business incorporated in the Union of Myanmar, if he obtains the right to operate relating to the Dawei Special Economic Zone under any property and intellectual property right:

(a) the person who makes the payment shall deduct the withholding tax from the source for the royalty, interests and payments for business activities and purchases in accord with income tax rate prescribed under the Income- tax Law and pay it to the person concerned;

(b) the person who makes the payment shall deduct the withholding tax from the source on rental fee and other similar receipts in accordance with income tax rate prescribed under existing Law and pay it to the person concerned.

(ဃ) ပြည်တွင်းမှရရှိသော အခွန်ထမ်းဆောင်ပြီးသည့် အမြတ်အပေါ် ခွဲဝေပေးသည့် အစုရှယ်ယာဝင် တစ်ဦးချင်း၏ အမြတ်ဝေစုများအတွက် ဝင်ငွေခွန်ပေးဆောင်ခြင်းမှ ကင်းလွတ်ခွင့်လျှောက်ထားနိုင်သည်။

၁၇။ ပြည်ပနေ နိုင်ငံခြားသားသည် မြန်မာနိုင်ငံတွင် စီးပွားရေးလုပ်ငန်းတစ်ခုအဖြစ် ဖွဲ့စည်းထူထောင်ထားခြင်း မရှိသော်လည်း ပစ္စည်းနှင့် အသိဉာဏ်ပစ္စည်းဆိုင်ရာ အခွင့်အရေးတစ်ခုခုအရ ထားဝယ်အထူးစီးပွားရေးဇုန်နှင့်ဆက်စပ်၍ လုပ်ငန်းဆောင်ရွက်ခွင့်ရရှိလျှင်-

(က) ခိုင်ကြေး၊ အတိုး၊ လုပ်ငန်းဆောင်ရွက်ပေးစေခြင်းနှင့် ပစ္စည်းဝယ်ယူခြင်းများအတွက် ပေးရမည့်ငွေများအပေါ်တွင် ဝင်ငွေခွန်ဥပဒေအရ သတ်မှတ်သည့် ဝင်ငွေခွန်နှုန်းထားနှင့်အညီ ငွေပေးချေသူက ပင်ရင်းမှ ဖြတ်တောက်၍ သက်ဆိုင်ရာသို့ပေးသွင်းရမည်။

(ခ) ငှားရမ်းခနှင့် အလားတူ အခြားရငွေများအပေါ် တည်ဆဲဥပဒေအရ သတ်မှတ်သည့် ဝင်ငွေခွန်နှုန်းထားဖြင့် ငွေပေးချေသူကပင်ရင်းမှ ဖြတ်တောက်၍ သက်ဆိုင်ရာသို့ ပေးသွင်းရမည်။

18. The relevant investor shall collect and pay the income tax of the local and foreign staff and workers employed in the Dawei Special Economic Zone on their salaries and income at the income tax rate prescribed under the existing Law in the currency determined by the Central Body.

19. In the Dawei Special Economic Zone, the service enterprises:

(a) may enjoy tax relief of commercial tax up to the prescribed period commencing from the year of operation;

(b) on expiry of the relief period contained in sub-section^), shall pay commercial tax in accord with the Commercial Tax Law.

20. In respect of the export items produced in the Dawei Special Economic Zone, the exemption from commercial tax or value-added tax (VAT) may be applied for.

21. The investor may be allowed to:

(a) import raw materials, machineries, equipments from foreign country which are imported for export-oriented processing enterprises

၁၈။ ထားဝယ်အထူးစီးပွားရေးဇုန်အတွင်းရှိ လုပ်ငန်းများတွင် လုပ်ကိုင်သည့် ပြည်တွင်းပြည်ပမှ ဝန်ထမ်းနှင့်အလုပ်သမားများရရှိသော ဗဟိုအဖွဲ့ကသတ်မှတ်သည့် ငွေကြေးအမျိုးအစားဖြင့် လစာ၊ ဝင်ငွေအပေါ်တွင် ဝင်ငွေခွန်ကို တည်ဆဲဥပဒေအရ သတ်မှတ်သည့် ဝင်ငွေခွန်နှုန်းထားဖြင့် သက်ဆိုင်ရာရင်းနှီးမြှုပ်နှံသူက ကောက်ခံပေးသွင်းရမည်။

၁၉။ ထားဝယ်အထူးစီးပွားရေးဇုန်တွင် ဝန်ဆောင်မှုလုပ်ငန်းများသည်-

(က) လုပ်ငန်းဆောင်ရွက်မှု စတင်သည့်နှစ်မှ သတ်မှတ်ကာလအထိ ကုန်သွယ်လုပ်ငန်းခွန်ကို သတ်မှတ်သည့်အတိုင်း လျှော့ပေါ့သက်သာခွင့်ရနိုင်သည်။

(ခ) ပုဒ်မခွဲ(က)ပါ လျှော့ပေါ့ သက်သာခွင့် ကုန်ဆုံးပြီးနောက် ကုန်သွယ်လုပ်ငန်းခွန်ဥပဒေနှင့်အညီ ကုန်သွယ်လုပ်ငန်းခွန်ထမ်းဆောင်ရမည်။

၂၀။ ထားဝယ်အထူးစီးပွားရေးဇုန်မှ ထုတ်လုပ်သည့်ပို့ကုန်ပစ္စည်းများနှင့်စပ်လျဉ်း၍ ကုန်သွယ်လုပ်ငန်းခွန် သို့မဟုတ် တန်ဖိုးထပ်ဖြည့်ခွန် ကင်းလွတ်ခွင့် လျှောက်ထားနိုင်သည်။

၂၁။ ရင်းနှီးမြှုပ်နှံသူအား-

(က) ပို့ကုန်ပစ္စည်းထုတ်လုပ်မှုဇုန်အတွင်း တည်ထောင်ထားသော ပို့ကုန်ပစ္စည်း ထုတ်လုပ်မှုလုပ်ငန်းများအတွက် တင်သွင်းသည့် ကုန်ကြမ်းပစ္စည်းများ၊ စက်ပစ္စည်းကိရိယာ

established in Export Processing Zone, with exemption from customs duty and other revenues;

(b) import, with stipulations, machineries and motor vehicles from foreign countries which are to be used in investment enterprises with exemption from customs duty and other revenues, for five years commencing from the year of operation, and relief of fifty percent of customs duty and other revenues for the next five consecutive years;

(c) except Export Processing Zone, other zones in the Dawei Special Economic Zone have the right of exemption and relief of tax and revenue in respect of the importation of materials related to investment business from local and foreign countries, in accord with the existing Law.

22. The developer or investor for investment businesses in the Dawei Special Economic Zone has the right to submit

များနှင့် လုပ်ငန်းသုံးပစ္စည်းများကိုအကောက်ခွန်နှင့် အခြားအခွန်အခများကင်းလွတ်ခွင့်ဖြင့် ပြည်ပမှတင်သွင်းခွင့်ပြုနိုင်သည်။

(ခ) ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတွင် အသုံးပြုမည့်ယာဉ်ယန္တရားများ၊ မော်တော်ယာဉ်များကို လုပ်ငန်းစတင်သည့်နှစ်မှ ငါးနှစ်အတွင်း အကောက်ခွန်နှင့် အခြားအခွန်အခများ ကင်းလွတ်ခွင့်ဖြင့်လည်းကောင်း၊ တစ်ဆက်တည်း နောက်ထပ် ငါးနှစ်အထိ အကောက်ခွန်နှင့်အခြားအခွန်အခများ၏ ၅၀ ရာခိုင်နှုန်း သက်သာခွင့်ဖြင့် လည်းကောင်း သတ်မှတ်ချက်နှင့်အညီ ပြည်ပမှ တင်သွင်းခွင့်ပြုနိုင်သည်။

(ဂ) ထားဝယ်အထူးစီးပွားရေးဇုန်အတွင်း ပို့ကုန်ပစ္စည်းထုတ်လုပ်မှုဇုန်မှအပ အခြားဇုန်များတွင် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းနှင့် သက်ဆိုင်သည့်ပစ္စည်းများကို ပြည်တွင်းပြည်ပမှတင်သွင်းခြင်းနှင့် စပ်လျဉ်း၍အခွန်အခများကင်းလွတ်ခွင့်နှင့် သက်သာခွင့်များကို တည်ဆဲဥပဒေနှင့်အညီ ခံစားခွင့်ပြုနိုင်သည်။

၂၂။ ထားဝယ်အထူးစီးပွားရေးဇုန်တွင် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအတွက် ရင်းနှီးတည်ဆောက်သူ သို့မဟုတ် ရင်းနှီးမြှုပ်နှံသူသည်

in accord with law to enable participation also by the experienced and highly capable investors.

Chapter VI

Specific Duties of Developer or Investor

23. The developer or investor, his employees, technicians, staff and their family members residing in the Dawei Special Economic Zone shall also abide by other existing Laws of the Union of Myanmar, in addition to the provisions of this Law.

24. The balance of statement relating to his business shall be in surplus for the developer or investor.

25. The investor shall, in respect of production enterprises in Export Processing Zone:

(a) establish necessary management organizations, offices and departments, industries and warehouses only in the zone;

အတွေ့အကြုံများပြီး စွမ်းဆောင်ရည်မြင့်မားသော ရင်းနှီးမြှုပ်နှံသူများကိုလည်း ပါဝင်ဆောင်ရွက်နိုင်စေရန် ဥပဒေနှင့်အညီ တင်ပြခွင့်ရှိသည်။

အခန်း(၆)

ရင်းနှီးတည်ဆောက်သူ သို့မဟုတ် ရင်းနှီးမြှုပ်နှံသူ၏ သီးခြားတာဝန်များ

၂၃။ ထားဝယ်အထူးစီးပွားရေးဇုန်တွင်နေထိုင်သော ရင်းနှီးတည်ဆောက်သူ သို့မဟုတ် ရင်းနှီးမြှုပ်နှံသူနှင့် ၎င်း၏အလုပ်သမားများ၊ အတတ်ပညာရှင်များ၊ ဝန်ထမ်းများနှင့် မိသားစုတို့သည် ဤဥပဒေပါ ပြဋ္ဌာန်းချက်များအပြင် မြန်မာနိုင်ငံ၏ အခြားတည်ဆဲဥပဒေများကိုလည်း လိုက်နာကြရမည်။

၂၄။ ရင်းနှီးတည်ဆောက်သူ သို့မဟုတ် ရင်းနှီးမြှုပ်နှံသူသည် မိမိ၏ လုပ်ငန်းနှင့် စပ်လျဉ်းသည့် ငွေပေး၊ ငွေယူ ရှင်းတမ်းတွင် ပိုငွေဖြစ်ပေါ်စေရမည်။

၂၅။ ရင်းနှီးမြှုပ်နှံသူသည် ပို့ကုန်ပစ္စည်း ထုတ်လုပ်မှုဇုန်အတွင်းရှိ ထုတ်လုပ်သည့် လုပ်ငန်းများနှင့် စပ်လျဉ်း၍ -

(က) လိုအပ်သော စီမံခန့်ခွဲရေး အဖွဲ့အစည်းများ၊ ရုံးဌာနများ၊ စက်မှုလုပ်ငန်းများနှင့် သိုလှောင်ရုံများကို ဇုန်အတွင်း၌သာ တည်ရှိစေရမည်။

(b) keep unused raw materials, packaging materials and spare parts of machines only at the warehouse or store recognized by the Customs Department.

26. Except Export Processing Zone, in respect of production enterprises from other zones, the investor shall pay taxes in advance in importing raw materials to be used and may apply to refund the exempted taxes under section 21 when exporting items abroad.

27. The investor responsible to pay tax and duty assessable under this Law shall:

(a) pay tax and duty within the prescribed period. If he is entitled to extend after the expiry of the prescribed period, 0.5 percent of the payable tax shall be paid as daily fine for each day of such extended period;

(ခ) အသုံးမပြုရသေးသည့် ကုန်ကြမ်းပစ္စည်းများ၊ ထုပ်ပိုးပစ္စည်းများနှင့် စက်အရန်ပစ္စည်းများကို အကောက်ခွန် ဦးစီးဌာနက အသိအမှတ်ပြုသော ကုန်လှောင်ရုံ သို့မဟုတ် သိုလှောင်ရုံ အတွင်း၌သာ ထိန်းသိမ်းထားရှိရမည်။

၂၆။ ရင်းနှီးမြှုပ်နှံသူသည် ပို့ကုန်ပစ္စည်းထုတ်လုပ်မှုဇုန်မှအပ အခြားဇုန်များမှ ထုတ်လုပ်မှုလုပ်ငန်းများနှင့် စပ်လျဉ်း၍ ကုန်ကြမ်းပစ္စည်းများတင်သွင်းရာတွင် အခွန်အကောက်များကို ကြိုတင်ပေးဆောင်ထားပြီး ပို့ကုန်ပစ္စည်းများကို ပြည်ပသို့တင်ပို့သည့်အခါ ပုဒ်မ ၂၁ အရ တင်းလွတ်ခွင့်ပြုထားသည့် အခွန်အကောက်များကို ပြန်လည်လျှောက်ထား တောင်းခံနိုင်သည်။

၂၇။ ဤဥပဒေအရ စည်းကြပ်ကောက်ခံရမည့် အခွန်အခများနှင့် စပ်လျဉ်း၍ ပေးဆောင်ရန် တာဝန်ရှိသည့် ရင်းနှီးမြှုပ်နှံသူသည် -

(က) အခွန်အခကို သတ်မှတ်ထားသော ကာလအတွင်း ပေးဆောင်ရမည်။ သတ်မှတ်ထားသော ကာလထက် ကျော်လွန်ပြီးနောက် ထပ်မံတိုးမြှင့်၍ ခွင့်ပြုပါက ပေးဆောင်ရမည့် အခွန်အခ၏ ၀.၅ ရာခိုင်နှုန်းကို ထိုထပ်မံခွင့်ပြုသည့်ကာလ၏ နေ့ရက်အသီးသီးအတွက် နေ့စဉ် ဒဏ်ကြေးငွေအဖြစ်ပေးဆောင်ရမည်။

(b) if he evades payment of tax and duty, fails to pay tax and duty after extended period or refuses to pay, he shall pay fine of amount not more than five times of tax and duty prescribed by the relevant Government department and organization;

(c) if sufficient evidence is found of intentionally falsifying the statistics prepared and submitted to the relevant Government department and organization, he shall have legal action taken against him under criminal proceedings;

(d) if a dispute arises in respect of matter on tax, he may apply to re-examine such matter to the relevant department after first paying the tax.

28. The investor shall:

(a) register the business, company or organization to be operated in the Dawei Special Economic Zone in accord with the stipulations;

(ခ) အခွန်အခပေးဆောင်ရန် တိမ်းရှောင်ခြင်း၊ ထပ်မံခွင့်ပြုထားသော ကာလထက် ကျော်လွန်၍ အခွန်အခ ပေးဆောင်ရန် ပျက်ကွက်ခြင်း သို့မဟုတ် ပေးဆောင်ရန် ငြင်းဆန်ခြင်းပြုပါက ပေးဆောင်ရမည့် အခွန်အခ၏ ငါးဆထက်မပိုသော ဒဏ်ကြေးငွေကိုသက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းက သတ်မှတ်သည့်အတိုင်းပေးဆောင်ရမည်။

(ဂ) သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းသို့ ပြုစုတင်ပြသော စာရင်းဇယားများကို တမင်မမှန်မကန် ပြုလုပ်တင်ပြကြောင်း ခိုင်လုံသော သက်သေခံအထောက်အထားများပေါ်ပေါက်လျှင် ပြစ်မှုကြောင်းအရ အရေးယူခြင်းခံရမည်။

(ဃ) အခွန်ကိစ္စနှင့် စပ်လျဉ်း၍ အငြင်းပွားမှု ပေါ်ပေါက်ပါက အခွန်ငွေကို ဦးစွာပေးဆောင်ပြီးမှသာ သက်ဆိုင်ရာဌာနသို့ ယင်းကိစ္စအား ပြန်လည်စိစစ်ပေးရန် လျှောက်ထားခွင့်ရှိသည်။

၂၈။ ရင်းနှီးမြှုပ်နှံသူသည်-

(က) ထားဝယ်အထူးစီးပွားရေးဇုန်တွင် လုပ်ကိုင်မည့်လုပ်ငန်း၊ ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းကိုသတ်မှတ်ချက်များနှင့်အညီ မှတ်ပုံတင်ရမည်။

(b) report to the Management Committee, on the situation of implementation of his investment business in accord with the stipulations;

(c) carry out for preparing and keeping records for business statistics and accounts properly, auditing, submitting to audit of relevant department and reporting in accord with the stipulations;

(d) destroy unusable, perished and sub-standard medicines and food stuff from pharmaceutical and food stuff enterprises among the invested enterprises, with the approval of the Management Committee.

29. The investor shall:

(a) if desirous to terminate or liquidate his business, company or organization, perform the termination or liquidation with the prior permission of the Management Committee, in accord with the stipulations;

(ခ) မိမိ၏ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်မှုအခြေအနေကို စီမံခန့်ခွဲမှုကော်မတီသို့ သတ်မှတ်ချက်များနှင့်အညီ အစီရင်ခံတင်ပြရမည်။

(ဂ) လုပ်ငန်းဆိုင်ရာ စာရင်းဇယားနှင့် ငွေစာရင်းများကို မှန်ကန်စွာပြုစု၍ မှတ်တမ်းများထားရှိခြင်း၊ စာရင်းစစ်ဆေးခြင်း၊ သက်ဆိုင်ရာဌာန၏ စာရင်းစစ်ဆေးမှုခံယူခြင်းနှင့်အစီရင်ခံခြင်းတို့ကို သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ရမည်။

(ဃ) ရင်းနှီးမြှုပ်နှံသည့် လုပ်ငန်းများအနက် ဆေးဝါးနှင့်စားသောက်ကုန်ပစ္စည်းလုပ်ငန်းများမှ ပျက်စီးယိုယွင်း၍ အသုံးမပြုနိုင်သော၊ စံချိန်စံညွှန်းမမီသော ဆေးဝါးနှင့်စားသောက်ကုန်ပစ္စည်းများကို စီမံခန့်ခွဲမှုကော်မတီ၏ ခွင့်ပြုချက်ရယူပြီးမှ ဖျက်ဆီးရမည်။

၂၉။ ရင်းနှီးမြှုပ်နှံသူသည်-

(က) မိမိ၏ လုပ်ငန်း၊ ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းကို ပိတ်သိမ်းခြင်း သို့မဟုတ် စာရင်းရှင်းလင်းဖျက်သိမ်းခြင်း ပြုလုပ်လိုပါက စီမံခန့်ခွဲမှုကော်မတီ၏ ကြိုတင်ခွင့်ပြုချက်ဖြင့် ပိတ်သိမ်းခြင်း သို့မဟုတ် စာရင်းရှင်းလင်းဖျက်သိမ်းခြင်းကို သတ်မှတ်ချက်များနှင့်အညီ ပြုလုပ်ရမည်။

(b) settle any dispute arising in relation with investment enterprise, in accord with the dispute settlement procedures mentioned in relevant agreement;

(c) transfer or sell part or whole of the shares of his business, company or organization, with the approval of the Management Committee;

(d) transfer and sell machineries and motor vehicles to be used in investment enterprise which are imported under sub- section (b) of section 21 when they are no longer needed to be used at the enterprise or at the time of termination of enterprises, with the permission of the Management Committee, in accord with the stipulations and the existing Law.

30. Except enterprises which need specific expertise in other enterprises among invested enterprises in the Dawei Special Economic Zone, the developer or investor shall entrust work to citizen entrepreneur, company or organization as contractor.

(ခ) ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းနှင့် စပ်လျဉ်း၍ အငြင်းပွားမှု တစ်စုံတစ်ရာပေါ်ပေါက်ပါက သက်ဆိုင်ရာစာချုပ်ပါ အငြင်းပွားမှု ဖြေရှင်းနည်းများနှင့်အညီ ဖြေရှင်းရမည်။

(ဂ) မိမိ၏ လုပ်ငန်း၊ ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်း၏ အစုရှယ်ယာ တစ်စိတ်တစ်ပိုင်းကို ဖြစ်စေ၊ အားလုံးကို ဖြစ်စေ စီမံခန့်ခွဲမှုကော်မတီ၏ ခွင့်ပြုချက်ရရှိမှသာ လွှဲပြောင်းရောင်းချနိုင်သည်။

(ဃ) ပုဒ်မ ၂၁၊ ပုဒ်မခွဲ (ခ)ပါ ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းတွင် အသုံးပြုရန် တင်သွင်းခဲ့သော ယာဉ်ယန္တရားများ၊ မော်တော်ယာဉ်များအား လုပ်ငန်း၌ အသုံးပြုရန် မလိုအပ်သည့်အခါတွင် ဖြစ်စေ၊ လုပ်ငန်းပြီးဆုံးသည့် အခါတွင် ဖြစ်စေ စီမံခန့်ခွဲမှုကော်မတီ၏ ခွင့်ပြုချက်နှင့်အညီ တည်ဆဲဥပဒေ၊ သတ်မှတ်ချက်များအတိုင်း လွှဲပြောင်း ရောင်းချနိုင်သည်။

၃၀။ ရင်းနှီးတည်ဆောက်သူ သို့မဟုတ် ရင်းနှီးမြှုပ်နှံသူသည် ထားဝယ်အထူးစီးပွားရေးဇုန်တွင် ရင်းနှီးမြှုပ်နှံသည့် လုပ်ငန်းများအနက် သီးခြားကျွမ်းကျင်မှု လိုအပ်သည့် လုပ်ငန်းများမှအပ အခြားလုပ်ငန်းများကို နိုင်ငံသားစီးပွားရေးလုပ်ငန်းရှင်၊ ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းများကို ကန်ထရိုက်အဖြစ် လုပ်ငန်းအပ်နှံရမည်။

31. The developer or investor shall take responsibility in order not to cause environmental pollution and air pollution in respect of his enterprise in the Dawei Special Economic Zone.

32. The developer or investor shall:

(a) pay to the relevant Government department and organization the money to be paid periodically for the stipulated rents, fees for use and the right to operate business for the businesses implemented in the Dawei Special Economic Zone in accord with the stipulations;

(b) submit the prescribed bank guarantee to the relevant Government department and organization for the businesses implemented in the Dawei Special Economic Zone;

(c) transfer the right to own share to the relevant Government department and organization for the prescribed businesses among businesses implemented in the Dawei Special Economic Zone in accord with the stipulations;

၃၁။ ရင်းနှီးတည်ဆောက်သူ သို့မဟုတ် ရင်းနှီးမြှုပ်နှံသူသည် ထားဝယ်အထူးစီးပွားရေးဇုန်တွင် မိမိလုပ်ငန်းနှင့် စပ်လျဉ်း၍ သဘာဝပတ်ဝန်းကျင် ညစ်ညမ်းမှုနှင့် လေထုညစ်ညမ်းမှု မဖြစ်စေရန် တာဝန်ယူရမည်။

၃၂။ ရင်းနှီးတည်ဆောက်သူ သို့မဟုတ် ရင်းနှီးမြှုပ်နှံသူသည်-

(က) ထားဝယ်အထူးစီးပွားရေးဇုန်တွင် အကောင်အထည်ဖော်ဆောင်ရွက်သည့် လုပ်ငန်းများအတွက် သတ်မှတ်သည့် ငှားရမ်းခများ၊ အသုံးပြုခများနှင့် လုပ်ငန်းလုပ်ဆောင်ခွင့်အတွက် ကာလအပိုင်းအခြားဖြင့် ပေးချေရန်ငွေများကို သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းသို့ သတ်မှတ်ချက်နှင့်အညီ ပေးချေရမည်။

(ခ) ထားဝယ်အထူးစီးပွားရေးဇုန်တွင် အကောင်အထည်ဖော်ဆောင်ရွက်သည့် လုပ်ငန်းများအတွက် သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းသို့ သတ်မှတ်သည့် ဘဏ်အာမခံ တင်သွင်းရမည်။

(ဂ) ထားဝယ်အထူးစီးပွားရေးဇုန်တွင် အကောင်အထည်ဖော်ဆောင်ရွက်သည့် လုပ်ငန်းများအနက် သတ်မှတ်ထားသော လုပ်ငန်းများအတွက် အစုရှယ်ယာ ပိုင်ဆိုင်ခွင့်ကို သတ်မှတ်ချက်နှင့်အညီ သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းသို့ လွှဲပြောင်းပေးရမည်။

(d) conclude deeds and carry out, according to each business in accord with the existing Laws in carrying out businesses within the Dawei Special Economic Zone and in constructing road, bridge, railroad, extending electricity distribution lines, petroleum pipe lines and gas pipe lines through other regions, which are contiguous to such zone.

Chapter VII

Land Use

The Central Body:

(a) may, with the approval of the Government, permit the developer or investor land lease or land use after causing payment of fees to be made for land lease or land use in the Dawei Special Economic Zone, for at least 30 years;

(ဃ) ထားဝယ်အထူးစီးပွားရေးဇုန်အတွင်း လုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်းကောင်း၊ ယင်းဇုန်နှင့် ဆက်စပ်သည့် အခြားဒေသများကို ဖြတ်သန်း၍ လမ်း၊ တံတား၊ ရထားလမ်း ဖောက်လုပ်ခြင်း၊ လျှပ်စစ်ဓာတ်အား ပို့လွှတ်သည့် လိုင်းများ၊ ရေနံပိုက်လိုင်းများနှင့် ဓာတ်ငွေ့ပိုက်လိုင်းများသွယ်တန်းခြင်း စသည့်လုပ်ငန်းများကို ဆောင်ရွက်ရာတွင်လည်းကောင်း လုပ်ငန်းတစ်ခုချင်း အလိုက် တည်ဆဲဥပဒေများနှင့်အညီ စာချုပ်များချုပ်ဆို ဆောင်ရွက်ရမည်။

အခန်း(၇)

မြေအသုံးပြုခြင်း

၃၃။ ဗဟိုအဖွဲ့သည်-

(က) အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထားဝယ်အထူးစီးပွားရေးဇုန်တွင် သတ်မှတ်မြေငှားရမ်းခ သို့မဟုတ် မြေအသုံးပြုခ ပေးသွင်းစေပြီး ရင်းနှီးတည်ဆောက်သူ သို့မဟုတ် ရင်းနှီးမြှုပ်နှံသူအား မြေငှားရမ်းခွင့် သို့မဟုတ် မြေအသုံးပြုခွင့်ကို အနည်းဆုံး နှစ် ၃၀ ခွင့်ပြုနိုင်သည်။

(b) if desirous of continuing to operate after the expiry of the permitted term under sub-section (a), may extend consecutive term of 30 years for large-scale investment enterprise and further 15 years of extension after the expiry of the said term;

(c) if desirous of continuing to operate after the expiry of the permitted term under sub-section (a), may extend consecutive term of 15 years for medium-scale investment enterprise and further 15 years of extension after the expiry of the said term;

(d) if desirous of continuing to operate after the expiry of the permitted term under sub-section (a), may extend two times of consecutive term of five years for small-scale investment enterprises;

(e) may scrutinize and permit the term of period for land lease or land use which the developer or investor actually needs depending on the type of investment business and the amount of investment.

(ခ) ပုဒ်မခွဲ(က)အရ ခွင့်ပြုထားသော သက်တမ်းကုန်ဆုံးပြီးနောက် ဆက်လက် လုပ်ကိုင်လိုပါက အကြီးစားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအတွက် တစ်ဆက်တည်းသက်တမ်းတိုးခွင့် ၃၀ နှစ် နှင့် ယင်းသက်တမ်းကုန်ဆုံးပြီး ထပ်မံ၍ ၁၅ နှစ် သက်တမ်းတိုးမြှင့်ပေးနိုင်သည်။

(ဂ) ပုဒ်မခွဲ(က)အရ ခွင့်ပြုထားသော သက်တမ်းကုန်ဆုံးပြီးနောက် ဆက်လက်လုပ်ကိုင်လိုပါက အလတ်စားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအတွက် တစ်ဆက်တည်းသက်တမ်းတိုးခွင့် ၁၅ နှစ် နှင့် ယင်းသက်တမ်းကုန်ဆုံးပြီး ထပ်မံ၍ ၁၅ နှစ် သက်တမ်းတိုးမြှင့်ပေးနိုင်သည်။

(ဃ) ပုဒ်မခွဲ(က)အရ ခွင့်ပြုထားသော သက်တမ်းကုန်ဆုံးပြီးနောက် ဆက်လက်လုပ်ကိုင်လိုပါက အသေးစားရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများအတွက် တစ်ဆက်တည်း သက်တမ်းတိုးခွင့် ငါးနှစ် နှစ်ကြိမ်ဖြင့် သက်တမ်းတိုးမြှင့်ပေးနိုင်သည်။

(င) ရင်းနှီးတည်ဆောက်သူ သို့မဟုတ် ရင်းနှီးမြှုပ်နှံသူက အမှန်လိုအပ်သည့် မြေငှားရမ်းခွင့်ကာလ သို့မဟုတ် မြေအသုံးပြုခွင့်ကာလကို ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအမျိုးအစားနှင့် ရင်းနှီးမြှုပ်နှံမှု ပမာဏအပေါ် မူတည်ပြီး စိစစ်ခွင့်ပြုနိုင်သည်။

34. The developer or investor shall bear the expenses of transferring and paying compensation of houses, buildings, farms and gardens, orchards/ fields, plantation on land within the Dawei Special Economic Zone permitted by the Central Body if these are required to be transferred. Moreover, he shall carry out to fulfil fundamental needs of persons who transfer so as not to lower their original standard. The relevant Management Committee shall coordinate as may be necessary for the convenience of such works.

35. In the Dawei Special Economic Zone, the developer or investor:

(a) shall use the land which he is entitled to lease or use in accord with the prescribed terms and conditions;

(b) may, in accord with the existing Law, rent, mortgage or sell the land and building to another person for investment business within the term granted to operate in accord with the

၃၄။ ဗဟိုအဖွဲ့က ခွင့်ပြုထားသည့် ထားဝယ်အထူးစီးပွားရေးဇုန်အတွင်းရှိ မြေပေါ်တွင် လူနေအိမ်ခြေများ၊ အဆောက်အအုံများ၊ လယ်ယာဥယျာဉ်ခြံမြေများ၊ သီးပင်စားပင်များ၊ စိုက်ခင်းများစသည်တို့ကို ပြောင်းရွှေ့ ရှင်းလင်းပေးရန်ရှိပါက ယင်းတို့အား ပြောင်းရွှေ့နေရာချထားခြင်းနှင့် လျော်ကြေးပေးခြင်းတို့အတွက် ကုန်ကျစရိတ်များကို ရင်းနှီးတည်ဆောက်သူ သို့မဟုတ် ရင်းနှီးမြှုပ်နှံသူကကျခံရမည်။ ထို့ပြင် ပြောင်းရွှေ့ရသူများအတွက် မူလအဆင့်အတန်းထက် မနိမ့်ကျစေရန်နှင့် ယင်းတို့၏ အခြေခံလိုအပ်ချက်များပြည့်စုံစေရန် ဆောင်ရွက်ပေးရမည်။ ထားဝယ်အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီသည် အဆိုပါလုပ်ငန်းများ အဆင်ပြေချောမွေ့စေရေးအတွက် လိုအပ်သလို ညှိနှိုင်းဆောင်ရွက်ပေးမည်။

၃၅။ ရင်းနှီးတည်ဆောက်သူ သို့မဟုတ် ရင်းနှီးမြှုပ်နှံသူသည် ထားဝယ်အထူးစီးပွားရေးဇုန်တွင်-

(က) မိမိငှားရမ်းခွင့် သို့မဟုတ် အသုံးပြုခွင့်ရှိသောမြေကို သတ်မှတ်ထားသော စည်းကမ်းချက်များနှင့်အညီ အသုံးပြုရမည်။

(ခ) လုပ်ငန်းလုပ်ကိုင်ခွင့်ပြုထားသည့် မြေနှင့်အဆောက်အအုံများကို ခွင့်ပြုချက်ဖြင့်လုပ်ကိုင်သည့် ကာလအတွင်း သတ်မှတ်ချက်များနှင့်အညီ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအတွက် အခြားပုဂ္ဂိုလ်တစ်ဦးဦးအား ငှားရမ်းခြင်း၊

stipulation. If he sells, he shall comply with the stipulations under sub-section (a) of section 16;

(c) shall not modify or alter, without permission, the topography or the contour of the land for which he obtained lease or land use;

(d) shall report immediately to the Management Committee if natural mineral resources or antiques not relating to the permitted enterprise and which are not included in the original agreement are found above or under the land which he is entitled to lease or use. If the Management Committee permits, he may continue to operate on such land. If not, he shall shift to the substituted area;

(e) intends to operate affectively the permitted enterprises on the land permitted to lease or use. As such the enterprise contained in the

ပေါင်နှံခြင်း သို့မဟုတ် ရောင်းချခြင်းကို တည်ဆဲဥပဒေနှင့်အညီ ဆောင်ရွက်နိုင်သည်။ ရောင်းချခြင်းပြုလျှင် ပုဒ်မ ၁၆၊ ပုဒ်မခွဲ(က)ပါ သတ်မှတ်ချက်နှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

(ဂ) မိမိငှားရမ်းခွင့် သို့မဟုတ် အသုံးပြုခွင့်ရရှိသော မြေ၏ သဘာဝမြေမျက်နှာသွင်ပြင် သို့မဟုတ် မြေအနိမ့်အမြင့် အနေအထားကို ခွင့်ပြုချက်မရှိဘဲ ပြုပြင်ပြောင်းလဲခြင်း မပြုရ။

(ဃ) မိမိငှားရမ်းခွင့် သို့မဟုတ် အသုံးပြုခွင့်ရရှိသော မြေ၏ မြေပေါ်မြေအောက်၌ ခွင့်ပြုသည့် လုပ်ငန်းနှင့် မသက်ဆိုင်သည့် မူလစာချုပ်တွင် မပါဝင်သော သဘာဝ သယံဇာတတွင်းထွက်ပစ္စည်းကိုဖြစ်စေ၊ ရှေးဟောင်းဝတ္ထုပစ္စည်းကိုဖြစ်စေတွေ့ရှိလျှင် စီမံခန့်ခွဲမှုကော်မတီသို့ ချက်ချင်းအကြောင်းကြားရမည်။ စီမံခန့်ခွဲမှုကော်မတီက ခွင့်ပြုလျှင် ယင်းမြေပေါ်၌ ဆက်လက်လုပ်ကိုင်နိုင်သည်။ ခွင့်ပြုချက်မရရှိလျှင် အစားထိုးစီစဉ်ပေးသည့် နေရာသို့ ပြောင်းရွှေ့ဆောင်ရွက်ရမည်။

(င) ငှားရမ်းခွင့် သို့မဟုတ် အသုံးပြုခွင့်ရရှိသော မြေတွင် ခွင့်ပြုသည့် လုပ်ငန်းများကို အမှန်တကယ် အကျိုးရှိစွာ ဆောင်ရွက်စေရေးကို ရည်ရွယ်သည်။ သို့ဖြစ်၍လုပ်ငန်း

agreement shall be completed within the prescribed term in the original agreement or up to two years from the day of permission to operate. If not completed, the permission shall be revoked. The said land shall be returned back and the buildings on this land shall be removed.

36. The developer or investor shall pay the rental for land lease, land-use premium for the businesses carried out in the Dawei Special Economic Zone in accord with the stipulations to the relevant Government department and organization.

Chapter VIII

Banks and Finance Management and Insurance Business

37. The businesses which are operated in foreign currency in the Dawei Special Economic Zone shall have the right to open foreign account with any bank and carry out the matters of receipt and payment in foreign currency in accord with the stipulations.

လုပ်ကိုင်ရန် ခွင့်ပြုချက်ရရှိသည့် နေ့ရက်မှ နှစ်နှစ်အထိဖြစ်စေ၊ မူလစာချုပ်ပါ ကာလအတွင်းဖြစ်စေ စာချုပ်ပါလုပ်ငန်းကို အပြီးဆောင်ရွက်ရမည်။ ပြီးစီးခြင်း မရှိလျှင်ခွင့်ပြုချက်ကိုရုပ်သိမ်းခြင်း ခံရမည့်အပြင် ယင်းမြေကိုပြန်လည်အပ်နှံပြီး မြေပေါ်ရှိအဆောက်အအုံများကိုလည်းဖယ်ရှားပေးရမည်။

၃၆။ ရင်းနှီးတည်ဆောက်သူ သို့မဟုတ် ရင်းနှီးမြှုပ်နှံသူသည် ထားဝယ်အထူးစီးပွားရေးဇုန်တွင် အကောင်အထည်ဖော်ဆောင်ရွက်သည့်လုပ်ငန်းများအတွက် မြေငှားရမ်းခများ၊ မြေအသုံးချမှု ပရီမီယံကြေးများကို တည်ဆဲဥပဒေများ၊ သတ်မှတ်ချက်များနှင့်အညီသက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းသို့ပေးချေရမည်။

အခန်း(၈)

ဘဏ်နှင့် ငွေရေးကြေးရေး စီမံခန့်ခွဲခြင်းနှင့် အာမခံ လုပ်ငန်း

၃၇။ ထားဝယ်အထူးစီးပွားရေးဇုန်တွင် နိုင်ငံခြားငွေဖြင့် ဆောင်ရွက်သော လုပ်ငန်းများသည် မြန်မာနိုင်ငံအတွင်းရှိ နိုင်ငံခြားဘဏ်လုပ်ငန်းလုပ်ကိုင်ခွင့်ရှိသည့် ဘဏ်တစ်ခုခုတွင် နိုင်ငံခြားငွေစာရင်း ဖွင့်လှစ်ခွင့်ရှိပြီးနိုင်ငံခြားငွေဖြင့် ရငွေ၊ ပေးငွေ ကိစ္စရပ်များကို သတ်မှတ်ချက်များနှင့်အညီဆောင်ရွက်ခွင့်ရှိသည်။

38. In the Dawei Special Economic Zone, the investor may be allowed to:

(a) evaluate in the currency determined by the Central Body and pay in accord with the stipulations within the period of production of goods and operation of businesses;

(b) exchange and transmit their own foreign currency within the Dawei Special Economic Zone or abroad.

39. Foreign insurance companies and joint insurance companies have the right to operate their agency offices and insurance business within the Dawei Special Economic Zone in accord with the stipulations.

Chapter IX

Management and Inspection of Commodities by Customs Department

40. The Export Processing Zones and sub-trade zone within the Dawei Special Economic Zone in which zones of different nature of works are combined:

(a) shall operate enterprises concerned with the Customs Department under the supervision of the said department;

၃၈။ ထားဝယ်အထူးစီးပွားရေးဇုန်တွင် ရင်းနှီးမြှုပ်နှံသူအား-

(က) ကုန်ပစ္စည်းများ ထုတ်လုပ်ခြင်း သို့မဟုတ် လုပ်ငန်းများ လုပ်ကိုင်ခြင်းပြုသည့် ကာလအတွင်း သတ်မှတ်ချက်များနှင့်အညီ ဗဟိုအဖွဲ့က သတ်မှတ်သည့် ငွေကြေးဖြင့် တန်ဖိုးသတ်မှတ်ခွင့်နှင့် ပေးချေခွင့်ပြုနိုင်သည်။

(ခ) မိမိတို့၏ နိုင်ငံခြားသုံးငွေကို ထားဝယ်အထူးစီးပွားရေးဇုန်အတွင်း၌ဖြစ်စေ၊ ပြည်ပသို့ ဖြစ်စေ သတ်မှတ်ချက်များနှင့်အညီ လဲလှယ်ခွင့်နှင့် လွှဲပြောင်းခွင့်ပြုနိုင်သည်။

၃၉။ နိုင်ငံခြားအာမခံကုမ္ပဏီများနှင့် ဖက်စပ်အာမခံကုမ္ပဏီများသည် ထားဝယ်အထူးစီးပွားရေးဇုန်အတွင်း ယင်းတို့၏ ကိုယ်စားလှယ်ရုံးများနှင့် အာမခံလုပ်ငန်းများကို သတ်မှတ်ချက်များနှင့်အညီ လုပ်ကိုင်ခွင့်ရှိသည်။

အခန်း(၉)

အကောက်ခွန်ဦးစီးဌာနက စီမံခန့်ခွဲခြင်းနှင့် ကုန်ပစ္စည်းများ စစ်ဆေးခြင်း

၄၀။ လုပ်ငန်းသဘာဝ မတူညီသောဇုန်အမျိုးမျိုး ပေါင်းစပ်ထားသည့် ထားဝယ်အထူးစီးပွားရေးဇုန်အတွင်းရှိ ပို့ကုန်ပစ္စည်းထုတ်လုပ်မှုဇုန်များနှင့် တစ်ဆင့်ခံ ကုန်သွယ်မှုဇုန်တို့သည်-

(က) အကောက်ခွန်ဦးစီးဌာနနှင့် သက်ဆိုင်သော လုပ်ငန်းများကို ယင်းဌာန၏ ကြီးကြပ်မှုဖြင့် ဆောင်ရွက်ရမည်။

(b) shall, in respect of goods, transport vehicles and machineries and personal utilities, entering into or taking out of the said zones, comply with this Law and existing Customs Law and Rules;

(c) are entitled to commence the operation of business, with the approval of the Management Committee, in accord with the stipulation if the responsible personnel of the Customs Department inspect and give approval for security.

41. The Customs Department, in respect of investment enterprise in Export Processing Zone and sub-trade zone within the Dawei Special Economic Zone:

(a) may allow the investor to carry out importing raw materials and instruments, production of goods and exporting to local and foreign countries in accord with the stipulations;

(b) shall not allow retail and wholesale sale, general trading and exhibition of goods not

(ခ) အဆိုပါဇုန်များအတွင်းသို့ သွင်းယူလာမည့် သို့မဟုတ် ဇုန်ပြင်ပသို့ ထုတ်ယူသွားမည့် ကုန်ပစ္စည်းများ၊ သယ်ယူပို့ဆောင်ရေး ယာဉ်ယန္တရားများ၊ ကိုယ်ပိုင်အသုံးအဆောင်ပစ္စည်းများနှင့် စပ်လျဉ်း၍ ဤဥပဒေနှင့် တည်ဆဲအကောက်ခွန်ဥပဒေ၊ နည်းဥပဒေများအရ လိုက်နာဆောင်ရွက်ရမည်။

(ဂ) အကောက်ခွန်ဦးစီးဌာနမှ တာဝန်ရှိသူများက ယင်းဇုန်များအား စစ်ဆေးပြီး လုံခြုံမှုရှိကြောင်း အတည်ပြုလျှင် စီမံခန့်ခွဲမှုကော်မတီ၏ ခွင့်ပြုချက်ဖြင့် သတ်မှတ်ချက်များနှင့်အညီလုပ်ငန်းများ စတင်ဆောင်ရွက်ခွင့်ရှိသည်။

၄၁။ အကောက်ခွန်ဦးစီးဌာနသည် ထားဝယ်အထူးစီးပွားရေးဇုန်အတွင်း ပို့ကုန်ပစ္စည်းထုတ်လုပ်မှုဇုန်နှင့် တစ်ဆင့်ခံကုန်သွယ်မှုဇုန်များတွင် ရင်းနှီးမြှုပ်နှံသောလုပ်ငန်းနှင့် စပ်လျဉ်းသည့်-

(က) ကုန်ကြမ်းပစ္စည်းနှင့် ပစ္စည်းကိရိယာများ တင်သွင်းခြင်း၊ ကုန်ပစ္စည်းများ ထုတ်လုပ်ခြင်းနှင့် ပြည်တွင်းပြည်ပသို့ တင်ပို့ခြင်းတို့ကို သတ်မှတ်ချက်များနှင့်အညီ ရင်းနှီးမြှုပ်နှံသူအား ဆောင်ရွက်ခွင့်ပြုနိုင်သည်။

(ခ) ပို့ကုန်ပစ္စည်း ထုတ်လုပ်မှုဇုန်အတွင်း ကုန်ပစ္စည်းထုတ်လုပ်မှုလုပ်ငန်းနှင့် သက်ဆိုင်ခြင်းမရှိသော လက်လီ

related to goods production enterprise in the Export Processing Zone.

42. The Customs Department shall supervise to cause the investors who operate business in Export Processing Zone and sub-trade zone within the Dawei Special Economic Zone to abide by this Law and existing Customs Law and Rules in carrying out the following matters:

(a) transporting goods between foreign countries and the said zones;

(b) transporting goods between the said zones and other Special Economic Zones;

(c) transporting goods within the said zones;

(d) transporting vehicles entering into or leaving from such zones and moving and transporting personal utilities.

43. In the Dawei Special Economic Zone, the investor within the Export Processing Zone and sub-trade zone in accord with the stipulations:

(a) may purchase directly from inside the country necessary raw materials, supplementary

လက်ကားရောင်းချခြင်း၊ အထွေထွေကုန်သွယ်ခြင်းနှင့် ကုန်စည်ပြပွဲများ ခင်းကျင်းပြသခြင်းတို့ကို ခွင့်မပြုရ။

၄၂။ အကောက်ခွန်ဦးစီးဌာနသည် ထားဝယ်အထူးစီးပွားရေးဇုန်အတွင်း ပို့ကုန်ပစ္စည်းထုတ်လုပ်မှုဇုန်နှင့် တစ်ဆင့်ခံကုန်သွယ်မှုဇုန်များတွင် လုပ်ကိုင်သော ရင်းနှီးမြှုပ်နှံသူများက အောက်ပါကိစ္စရပ်များဆောင်ရွက်ရာ၌ ဤဥပဒေနှင့် တည်ဆဲအကောက်ခွန်ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆောင်ရွက်စေရန် ကြီးကြပ်ရမည်-

(က) နိုင်ငံခြားတိုင်းပြည်များနှင့် ယင်းဇုန်များအကြား ကုန်ပစ္စည်းများ ရွှေ့ပြောင်းသယ်ဆောင်ခြင်း၊

(ခ) ယင်းဇုန်များနှင့် အခြားအထူးစီးပွားရေးဇုန်များအကြား ကုန်ပစ္စည်းများ ရွှေ့ပြောင်းသယ်ဆောင်ခြင်း၊

(ဂ) ယင်းဇုန်များအတွင်း ကုန်ပစ္စည်းများ ရွှေ့ပြောင်းသယ်ဆောင်ခြင်း၊

(ဃ) ယင်းဇုန်များသို့ ဖြစ်စေ၊ ယင်းဇုန်များအတွင်းမှဖြစ်စေ သယ်ယူပို့ဆောင်ရေးယာဉ်များ ဝင်ထွက်သွားလာခြင်းနှင့် ကိုယ်ပိုင်သုံးပစ္စည်းများ ရွှေ့ပြောင်းသယ်ဆောင်ခြင်း။

၄၃။ ထားဝယ်အထူးစီးပွားရေးဇုန်တွင် ရင်းနှီးမြှုပ်နှံသူသည် ပို့ကုန်ပစ္စည်း ထုတ်လုပ်မှုဇုန်နှင့် တစ်ဆင့်ခံကုန်သွယ်မှုဇုန်များအတွင်း သတ်မှတ်ချက်များနှင့်အညီ-

(က) ပို့ကုန်ပစ္စည်းများ ထုတ်လုပ်ရေးအတွက် လိုအပ်သော ကုန်ကြမ်းပစ္စည်းများ၊ အရန် ပစ္စည်းများ၊ အစိတ်အပိုင်း

materials, parts and instruments, packaging materials and semi- finished products for production of export items;

(b) shall cause the goods purchased directly under sub- section (a) to be inspected by the Customs Department and approval obtained therefrom.

44. In the Dawei Special Economic Zone, the investor shall, in buying goods directly from local market, buy from the seller who has completed in accord with the provisions and procedures relating to the export items.

45. In importing raw materials and equipments into Export Processing Zone and sub-trading zone to produce export item or in finally exporting export items to abroad, if the investors comply with the stipulation, the Customs Department shall carry out one-stop declaration, one- stop document inspection and one- stop goods inspection.

များနှင့် ကိရိယာတန်ဆာပလာများ၊ ထုပ်ပိုးသည့် ပစ္စည်းများနှင့် တစ်ဝက်တစ်ပျက်ထုတ်ကုန် ပစ္စည်းများကို ပြည်တွင်းမှ တိုက်ရိုက်ဝယ်ယူနိုင်သည်။

(ခ) ပုဒ်မခွဲ(က)အရ တိုက်ရိုက်ဝယ်ယူသော ပစ္စည်းများကို အကောက်ခွန်ဦးစီးဌာနက စစ်ဆေးပြီးအတည်ပြုချက် ရယူရမည်။

၄၄။ ထားဝယ်အထူးစီးပွားရေးဇုန်တွင် ရင်းနှီးမြှုပ်နှံသူသည် ပြည်တွင်းမှ ကုန်ပစ္စည်းများကို တိုက်ရိုက် ဝယ်ယူရာတွင် ပြည်ပပို့ကုန် တင်ပို့မှုဆိုင်ရာ ပြဋ္ဌာန်းချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ပြီးသည့် ရောင်းချသူထံမှ ဝယ်ယူတင်သွင်းရမည်။

၄၅။ ထားဝယ်အထူးစီးပွားရေးဇုန်တွင် ပို့ကုန်ပစ္စည်းထုတ်လုပ်မှုဇုန်နှင့် တစ်ဆင့်ခံကုန်သွယ်မှုဇုန်များအတွင်းသို့ ပို့ကုန်ပစ္စည်းထုတ်လုပ်ရန် ကုန်ကြမ်းပစ္စည်းနှင့် ပစ္စည်းကိရိယာများ တင်သွင်းရာတွင်လည်းကောင်း၊ ပို့ကုန်ပစ္စည်းများကို ပြည်ပသို့ အပြီးအပိုင်တင်ပို့ရာတွင်လည်းကောင်း ရင်းနှီးမြှုပ်နှံသူများက သတ်မှတ်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်လျှင် အကောက်ခွန်ဦးစီးဌာနသည် တစ်ကြိမ်တည်းကြေညာခွင့်ပြုခြင်း၊ အထောက်အထားစာရွက်စာတမ်းများကို တစ်ကြိမ်တည်းစစ်ဆေးခြင်းနှင့် ကုန်ပစ္စည်းများကိုတစ်ကြိမ်တည်း စိစစ်ခြင်းတို့ကို ပြုရမည်။

Chapter X

Quarantine Inspection and Confinement so as not to spread Contagious Disease

46. The responsible person from the Quarantine Prevention Department:

(a) shall carry out quarantine inspection and confinement so as not to spread contagious disease in transporting goods, vehicles, containers, animals and plants which are to be directly imported to the Dawei Special Economic Zone or transported from the Dawei Special Economic Zone to outside, between the ports, airports, railway stations and the Dawei Special Economic Zones;

(b) shall carry out quarantine inspection and confinement so as not to spread contagious disease, as may be necessary, relating to export import items or investment businesses within the Dawei Special Economic Zone.

အခန်း(၁၀)

ကူးစက်ရောဂါ ရှိမရှိ စစ်ဆေးခြင်းနှင့် ကူးစက်ရောဂါ ပြန့်ပွားမှုမရှိစေရန် သီးသန့်ထားရှိခြင်း

၄၆။ ကူးစက်ရောဂါ ကာကွယ်ရေးဌာနမှ တာဝန်ရှိသူသည်-

(က) ထားဝယ်အထူးစီးပွားရေးဇုန်အတွင်းသို့ တိုက်ရိုက်တင်သွင်းမည့် သို့မဟုတ် ထားဝယ်အထူးစီးပွားရေးဇုန်မှ ဇုန်ပြင်ပသို့ တိုက်ရိုက်သယ်ယူပို့ဆောင်မည့် ပစ္စည်းများ၊ ယာဉ်များ၊ ကုန်သေတ္တာများ၊ တိရစ္ဆာန်များနှင့်အပင်များကို ဆိပ်ကမ်း၊ လေဆိပ်၊ ဘူတာရုံနှင့် ထားဝယ်အထူးစီးပွားရေးဇုန် တစ်ခုနှင့်တစ်ခုအကြား ပို့ဆောင်ရာတွင် ကူးစက်ရောဂါ ရှိမရှိ စစ်ဆေးခြင်းနှင့်ကူးစက်ရောဂါပြန့်ပွားမှုမရှိစေရန် သီးသန့်ထားရှိခြင်းတို့ကို ပြုလုပ်ရမည်။

(ခ) ပို့ကုန်၊ သွင်းကုန်ပစ္စည်းများနှင့် စပ်လျဉ်း၍ဖြစ်စေ၊ ထားဝယ်အထူးစီးပွားရေးဇုန်အတွင်း ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများနှင့် စပ်လျဉ်း၍ဖြစ်စေ ကူးစက်ရောဂါရှိမရှိ စစ်ဆေးခြင်းနှင့် ကူးစက်ရောဂါ ပြန့်ပွားမှုမရှိစေရန် သီးသန့်ထားရှိခြင်းတို့ကို လိုအပ်သလို ဆောင်ရွက်ရမည်။

Chapter XI

Matters relating to Labour

47. The Management Committee, in the Dawei Special Economic Zone:

(a) shall supervise the conclusion of employment agreement in accord with the stipulations;

(b) shall coordinate and carry out in determining the rights and duties of the employer and employee or terms and conditions relating to employment contained in the employment agreement, to obtain the rights contained in the existing Labour Laws and Rules including minimum wages, salary, leave, holiday, overtime fees, compensation for dismissal from work and workmen's compensation etc;

(c) shall negotiate and mediate in the disputes arising between the employer and employee, technician or staff;

အခန်း(၁၁)

အလုပ်သမားရေးရာကိစ္စရပ်များ

၄၇။ စီမံခန့်ခွဲမှုကော်မတီသည် ထားဝယ်အထူးစီးပွားရေးဇုန်အတွင်း -

(က) အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူညီချက် စာချုပ်ကို သတ်မှတ်ချက်များနှင့်အညီ ချုပ်ဆိုစေရေးအတွက် ကြီးကြပ်ရမည်။

(ခ) အလုပ်ခန့်ထားရေး သဘောတူစာချုပ်ပါ အလုပ်ရှင်နှင့် အလုပ်သမားတို့၏ အခွင့်အရေးနှင့်တာဝန်များကိုလည်းကောင်း၊ အလုပ်အကိုင်ဆိုင်ရာ စည်းကမ်းချက်များကိုလည်းကောင်း သတ်မှတ်ရာ၌ အနည်းဆုံးလုပ်ခလစာ၊ ခွင့်ရက်၊ အလုပ်ပိတ်ရက်၊ အချိန်ပိုလုပ်ခ၊ အလုပ်ထုတ်နစ်နာကြေးနှင့် အလုပ်သမားလျော်ကြေး စသည်တို့အပါအဝင် တည်ဆဲ အလုပ်သမားဆိုင်ရာဥပဒေ၊ နည်းဥပဒေများပါ အခွင့်အရေးများရရှိစေရေးအတွက် ညှိနှိုင်းဆောင်ရွက်ပေးရမည်။

(ဂ) အလုပ်ရှင်နှင့် အလုပ်သမား၊ အတတ်ပညာရှင် သို့မဟုတ် ဝန်ထမ်းတို့အကြား ပေါ်ပေါက်လာသည့် အငြင်းပွားမှုများကို စေ့စပ်ညှိနှိုင်းခြင်းနှင့်ဖျန်ဖြေခြင်းပြုရမည်။

(d) shall inspect and supervise so as not to affect or lose the rights and protection of the employees, technicians and staff;

(e) may determine the minimum wages of employee and staff.

48. If no settlement has been reached in the disputes arising between the employer and employee, technician or staff, in the Dawei Special Economic Zone although negotiation and mediation were made by the Management Committee, it shall accept the decision under the Trade Dispute Act of the Union of Myanmar.

49. The foreigners working in the Dawei Special Economic Zone shall have the work permit issued by the Union of Myanmar.

50. In the Dawei Special Economic Zone, the investor:

(a) in employing citizen skilled workers, technicians and staff for expertise works, shall employ at least 25 percent of citizens at the expiry of the first five years, 50 percent at the

(ဃ) အလုပ်သမား၊ အတတ်ပညာရှင်နှင့် ဝန်ထမ်းတို့၏ အခွင့်အရေးနှင့် ရပိုင်ခွင့်များ နစ်နာဆုံးရှုံးခြင်းမရှိစေရန် စစ်ဆေးခြင်းနှင့် ကြီးကြပ်ခြင်းပြုနိုင်သည်။

(င) အလုပ်သမားနှင့် ဝန်ထမ်းတို့၏ အနည်းဆုံးလုပ်ခကို သတ်မှတ်ပေးနိုင်သည်။

၄၈။ ထားဝယ်အထူးစီးပွားရေးဇုန်တွင် အလုပ်ရှင်နှင့် အလုပ်သမား၊ အတတ်ပညာရှင် သို့မဟုတ် ဝန်ထမ်းတို့အကြား ပေါ်ပေါက်လာသည့် အငြင်းပွားမှုများကို စီမံခန့်ခွဲမှုကော်မတီက စေ့စပ်ညှိနှိုင်းခြင်းနှင့် ဖျန်ဖြေခြင်းပြုသော်လည်း ပြေလည်မှုမရရှိလျှင် မြန်မာနိုင်ငံ၏ ဝါဏိဇ္ဇပဋိပက္ခမှု အက်ဥပဒေအရ အဆုံးအဖြတ်ကို ခံယူရမည်။

၄၉။ ထားဝယ်အထူးစီးပွားရေးဇုန်အတွင်း အလုပ်လုပ်ကိုင်သည့် နိုင်ငံခြားသားများသည် မြန်မာနိုင်ငံမှ ထုတ်ပေးသော အလုပ်လုပ်ခွင့် လက်မှတ်ရှိရမည်။

၅၀။ ရင်းနှီးမြှုပ်နှံသူသည် ထားဝယ်အထူးစီးပွားရေးဇုန်တွင်-

(က) ကျွမ်းကျင်မှုဆိုင်ရာ လုပ်ငန်းများအတွက် နိုင်ငံသား ကျွမ်းကျင်သူ အလုပ်သမားများ၊ အတတ်ပညာရှင်များနှင့် ဝန်ထမ်းများကို ခန့်ထားရာတွင် လုပ်ငန်းစတင်သည့်နှစ်မှ ပထမငါးနှစ်ကုန်ဆုံးသည့်အချိန်တွင် နိုင်ငံသား အနည်းဆုံး ၂၅ ရာခိုင်နှုန်း၊ ဒုတိယငါးနှစ် ကုန်ဆုံးသည့်

expiry of the second five years and 75 percent at the expiry of the third five years from the commencement year of the business;

(b) shall arrange and provide necessary training for the improvement of the skill of the employees and staff in appointing under sub - section (a);

(c) shall employ citizens only at the works where expertise is not required;

(d) shall carry out labour recruitment through the Work and Labour Recruitment Office, local labour recruitment agents or by own arrangement;

(e) shall, in employing citizen skilled workers, technicians and staff, employ by signing the employment agreement mutually between the employer and employee in accord with the existing Labour Laws and Rules.

အချိန်တွင် အနည်းဆုံး ၅၀ ရာခိုင်နှုန်း၊ တတိယ ငါးနှစ်ကုန်ဆုံးသည့်အချိန်တွင် အနည်းဆုံး ၇၅ ရာခိုင်နှုန်း ခန့်ထားရမည်။

(ခ) ပုဒ်မခွဲ(က)အရ ခန့်ထားနိုင်ရန် နိုင်ငံသားဝန်ထမ်းများအား လုပ်ငန်းကျွမ်းကျင်မှု တိုးတက်လာစေရေးအတွက် လေ့ကျင့်ပေးခြင်း၊ သင်တန်းပေးခြင်းတို့ကို စီစဉ်ဆောင်ရွက်ပေးရမည်။

(ဂ) ကျွမ်းကျင်မှုမလိုသော လုပ်ငန်းများတွင် နိုင်ငံသားများကိုသာ ခန့်ထားရမည်။

(ဃ) အလုပ်သမားစုဆောင်းခြင်းကို အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံးမှလည်းကောင်း၊ ပြည်တွင်းအလုပ်အကိုင် ရှာဖွေရေး ကိုယ်စားလှယ်များမှလည်းကောင်း၊ ရင်းနှီးမြှုပ်နှံသူ၏ အစီအစဉ်ဖြင့်လည်းကောင်း ဆောင်ရွက်ရမည်။

(င) နိုင်ငံသားကျွမ်းကျင်သူ အလုပ်သမားများ၊ အတတ်ပညာရှင်များနှင့် ဝန်ထမ်းများ ခန့်ထားရာတွင် တည်ဆဲ အလုပ်သမားဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူညီချက်စာချုပ်ကို အလုပ်ရှင်နှင့် အလုပ်သမားတို့ နှစ်ဦးနှစ်ဖက် လက်မှတ်ရေးထိုး၍ ခန့်ထားရမည်။

Chapter XII

Miscellaneous

51. The investment businesses in the Dawei Special Economic Zone are guaranteed not to be nationalized within the permitted period.

52. The Government may scrutinize and permit if the developer or investor submits proposal to carry out the construction of infrastructures such as motor roads, railroads, ports and bridges which are connected with the construction of the Dawei Special Economic Zone by BOT (Build, Operate and Transfer) system or any other system.

53. The relevant Union Ministries and Region or State Ministries shall implement the works relating to them contained in this Law.

54. The person assigned duty by the relevant Union Ministry or Region or State Ministry shall collect taxes and duties and fines recoverable under this Law from the defaulter in accord with the existing tax and revenue Laws.

အခန်း(၁၂)

အထွေထွေ

၅၁။ ထားဝယ်အထူးစီးပွားရေးဇုန်အတွင်းရှိ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို ခွင့်ပြုထားသည့်သက်တမ်းကာလအတွင်း နိုင်ငံပိုင်သိမ်းယူခြင်း မပြုဟု အာမခံသည်။

၅၂။ အစိုးရအဖွဲ့သည် ထားဝယ်အထူးစီးပွားရေးဇုန်တည်ဆောက်ရေး လုပ်ငန်းများနှင့် တစ်ဆက်တစ်စပ်တည်းဖြစ်သော ကားလမ်း၊ ရထားလမ်း၊ ဆိပ်ကမ်း၊ တံတားစသည့် အခြေခံအဆောက်အအုံလုပ်ငန်းများကို ရင်းနှီးတည်ဆောက်သူ သို့မဟုတ် ရင်းနှီးမြှုပ်နှံသူကတည်ဆောက်ခြင်း၊ လုပ်ဆောင်ခြင်းနှင့်လွှဲပြောင်းခြင်း(BOT - Build, Operate and Transfer) စနစ်ဖြင့်သော်လည်းကောင်း၊ အခြားစနစ်တစ်ခုခုဖြင့်သော်လည်းကောင်း ဆောင်ရွက်ရန် အဆိုပြုတင်ပြလာပါက စိစစ်၍ခွင့်ပြုနိုင်သည်။

၅၃။ သက်ဆိုင်ရာ ပြည်ထောင်စု ဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးဌာနများသည် ယင်းတို့နှင့်သက်ဆိုင်သည့် ဤဥပဒေပါ လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ပေးရမည်။

၅၄။ သက်ဆိုင်ရာ ပြည်ထောင်စု ဝန်ကြီးဌာန၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးဌာနတို့မှ တာဝန်ပေးအပ်ခြင်းခံရသူသည် ဤဥပဒေအရ ရရန်ရှိသော အခွန်အခများနှင့် ဒဏ်ကြေးငွေများကို ပေးဆောင်ရန် ပျက်ကွက်သူထံမှ တည်ဆဲအခွန်၊ အခဥပဒေများနှင့်အညီ အရကောက်ခံရမည်။

55. (a) Subject to the provision of the Constitution of the Republic of the Union of Myanmar, notwithstanding anything contained in any existing Law, the matters relating to any provision of this Law shall be carried out only in accord with this Law;

(b) If the matters which are not provided in this Law are contained in the Myanmar Special Economic Zone Law, they shall be carried out in accord with the provisions contained in such law.

56. The Government may assign duty the responsible Ministry or any other Ministry to take responsibility to carry out office works of the Management Committee and bear the expenses.

57. The Government may, if it is necessary, form any special committee, with suitable persons for any Dawei Special Economic Zone to carry out the functions and duties of the Central Body and any Management Committee for carrying out management and supervisory works, by notification and determine the functions and duties contained in this Law.

၅၅။ (က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံ ဥပဒေပါ ပြဋ္ဌာန်းချက်နှင့်မဆန့်ကျင်ပါက တည်ဆဲဥပဒေ တစ်ရပ်ရပ်တွင် မည်သို့ပင်ပါရှိစေကာမူ ဤဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်နှင့် သက်ဆိုင်သည့် ကိစ္စရပ်များကို ဤဥပဒေနှင့်အညီသာ ဆောင်ရွက်ရမည်။

(ခ) ဤဥပဒေတွင် ပြဋ္ဌာန်းထားခြင်း မရှိသည့် ကိစ္စရပ်များသည် မြန်မာအထူးစီးပွားရေးဇုန် ဥပဒေတွင် ပါရှိပါက ယင်းဥပဒေပါ ပြဋ္ဌာန်းချက်များအတိုင်း လိုက်နာ ဆောင်ရွက်ရမည်။

၅၆။ အစိုးရအဖွဲ့သည် တာဝန်ခံဝန်ကြီးဌာန သို့မဟုတ် အခြား ဝန်ကြီးဌာန တစ်ခုခုအား စီမံခန့်ခွဲမှုကော်မတီ၏ ရုံးလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်ရန်နှင့် ကုန်ကျစရိတ်များကိုကျခံရန် တာဝန် ပေးအပ်နိုင်သည်။

၅၇။ အစိုးရအဖွဲ့သည် ထားဝယ်အထူးစီးပွားရေးဇုန် တစ်ခုခုအတွက် လိုအပ်ပါက ဗဟိုအဖွဲ့၏ လုပ်ငန်းတာဝန်များကို ဆောင်ရွက်နိုင်ရန် အထူးကော်မတီတစ်ရပ်ရပ်ကိုလည်းကောင်း၊ စီမံခန့်ခွဲရေးနှင့်ကြီးကြပ်ရေး လုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် စီမံခန့်ခွဲမှုကော်မတီတစ်ရပ်ရပ်ကို လည်းကောင်း အမိန့်ကြော်ငြာစာထုတ်ပြန်၍ သင့်လျော်သော ပုဂ္ဂိုလ် များဖြင့် ဖွဲ့စည်းပြီး ဤဥပဒေပါ လုပ်ငန်းတာဝန်များကို သတ်မှတ် ပေးနိုင်သည်။

58. In implementing the provisions contained in this Law:

(a) the responsible Ministry may, with the approval of the Government make necessary rules;

(b) the responsible Ministry, relevant Ministry, Central Body and Management Committee may issue necessary procedures, notifications, orders and directives.

Sd/ Than Shwe
Senior General
Chairman
The State Peace and Development Council

၅၈။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် -

(က) တာဝန်ခံဝန်ကြီးဌာနသည် လိုအပ်သော နည်းဥပဒေများကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) တာဝန်ခံဝန်ကြီးဌာန၊ သက်ဆိုင်ရာဝန်ကြီးဌာန၊ ဗဟိုအဖွဲ့နှင့်စီမံခန့်ခွဲမှုကော်မတီတို့သည် လိုအပ်သော လုပ်ထုံးလုပ်နည်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်နှင့်ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်။

(ပုံ) သန်းရွှေ
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ